
ရွေးကောက်ပွဲအကြို သုတေသနအခြေခံ
မူဝါဒအဆိုပြု အစီအစဉ်

ETRA

Election Targeted
Research-based Advocacy

EMReF
Enlightened Myanmar
Research Foundation


# စားနပ်ရိက္ခာသည်
## နိုင်ငံ၏ ပင်မအချုပ်အခြာ



# အမှာ

ကျွန်တကာ့ကျွန်ခေါ် လယ်သမားအရေးဟူသောအမည်ဖြင့် သခင်ဗစိန်ကထုတ်ဝေသောအခါ တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်ခဲ့သော သခင်ထွန်းအုပ်က အမှာစာကို ဤသို့ရေးပေး၏။

လယ်သမားအရေးသည် ကမ္ဘာ့ရာဇဝင်တစ်လျှောက်လုံးတွင် တိုင်းနိုင်ငံအသီးသီးတို့၌ စဉ်းစားတတ်သူ၊ ခေတ်ကို ပြုပြင်ချင်သူတို့မှစ၍ အစိုးရလုပ်သူတို့၏ ဦးနှောက်များကို အထူးချာလပတ် ဒေါင်ချာစိုင်းစေသော "မူလဘူတ အဓိက လက်ဟောင်းပြဿနာကြီး" ဖြစ်ပေ၏။.... လူနှင့်မြေသည် ဒွန်တွဲနေ၏။ လူနှင့်မြေသည် ကိုင်းနှင့်ကျွန်းဖြစ်၏။ လူနှင့် မြေ သင့်တင့်ညီညွတ်ကြမှသာလျှင် ကမ္ဘာကြီးပျော်ရွှင်ချမ်းသာနိုင်မည် ဖြစ်လေသည်။

ထိုသို့သော ညီညွတ်ချမ်းသာမှုကို တားဆီးပိတ်ပင်နေသော ဆူးပြောင့်ခလုတ်များကား အသူတို့နည်း။ အဘယ်နည်း။ မြေပိုင်ရှင် ဓနရှင်တို့နှင့် သူတို့ဘိုးစဉ်ဘောင်ဆက်ညစ်ပတ် ကိုယ်ကျိုးကြည့်ကာ တစ်ဖက်သတ်တီထွင်ခဲ့သော သူတို့၏ ဥပဒေတို့ပင် ဖြစ်တော့၏။

လယ်ယာအရေး၊ စားနပ်ရိက္ခာအရေးမှာ ခေတ်တိုင်းတွင် နိုင်ငံ၏အသက်သွေးကြော အချုပ်အခြာဖြစ်၏။ စားနပ်ရိက္ခာ ထုတ်လုပ်စားသုံးကြသူတို့၏အရေးကို ယခုကပ်ဘေးအတွင်းနှင့် ကပ်ဘေးအလွန်ကာလများအတွက် မျှော်ရည်၍ ပညာရပ်ဝန်းတွင် စဉ်းစားချက်အသစ်များ ပေါ်ပေါက်လာပါသည်။ ဤစာတမ်းမှာ စားနပ်ရိက္ခာကဏ္ဍ ရေရှည် ကောင်းကျိုးအတွက် တွေးဆနေသူများ၏ စဉ်းစားချက်အသစ်အချို့ကို တင်ပြလိုရင်းဖြစ်ပါသည်။

**မယ်မွေး (ဒေါက်တာနွဲ့ ကေခိုင်)**
**သုတေသီ၊ ချူလာလောင်ကွန်းတက္ကသိုလ်**
**လူမှုဖွံ့ဖြိုးမှုလေ့လာရေးဌာန**

The Burmese are drifting towards a false choice between the crony capitalism of the past and a neoliberal future of low taxes, austerity budgets, tight money and global capital. A fairer society is nowhere in sight.

မြန်မာနိုင်ငံသားတို့သည် ခရိုနီအရင်းရှင်စနစ်တည်းဟူသော အတိတ်ကာလနှင့် နီယိုလစ်ဘရယ် အနာဂတ်တည်းဟူသော ရွေးစရာအမှားနှစ်ခုကြားတွင် တရွတ်တိုက်လျက်ရှိကြသည်။ လုပ်ငန်းရှင်များကို အခွန်လျှော့ပေးရသော၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘတ်ဂျက်လျှော့ပစ်သော၊ အစိုးရကို ခပ်သေးသေးထားပြီး စရိတ်လျှော့ပစ်သော၊ နိုင်ငံတကာငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းချဲ့ထားပေးသောစနစ်မှာ နီယိုလစ်ဘရယ်မှုဖြစ်သည်။ သို့ဖြစ်ရာ ပိုမိုတရားမျှတသော လူ့အဖွဲ့အစည်းဖြစ်ရန်ကိုကား မမြင်ရပါ။

"

*မြန်မာနိုင်ငံသားတို့သည် ခရိုနီ အရင်းရှင်စနစ်တည်းဟူသော အတိတ်ကာလနှင့် နီယိုလစ်ဘရယ် အနာဂတ်တည်းဟူသော ရွေးစရာအမှားနှစ်ခုကြားတွင် တရွတ်တိုက်လျက် ရှိကြသည်။ လုပ်ငန်းရှင်များ ကို အခွန်လျှော့ပေးရသော၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘတ်ဂျက်လျှော့ပစ်သော၊ အစိုးရကို ခပ်သေးသေးထားပြီး စရိတ်လျှော့ပစ်သော၊ နိုင်ငံတကာ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းချဲ့ထားပေးသောစနစ်မှာ နီယိုလစ်ဘရယ်မှုဖြစ်သည်။ သို့ဖြစ်ရာ ပိုမိုတရားမျှတသော လူ့အဖွဲ့အစည်းဖြစ်ရန်ကိုကား မမြင်ရပါ။*

အထက်ပါစကားများမှာ ၂၀၁၉ ခုနှစ်တွင် နိုဝင်ဘာလတွင် London Review of Book နှင့် အင်တာဗျူးတစ်ခုတွင် ဒေါက်တာသန့်မြင့်ဦးက ပြောဆိုခဲ့သော စကားများဖြစ်ပါသည်။

ဝယ်ဒန်ဘယ်လိုကမူ မြန်မာသည် နီယိုလစ်ဘရယ် ပါရာဒိုင်းထဲတွင် စတင်ပိတ်မိနေပါပြီဟု ပြောခဲ့ဖူးသည်။ အရှေ့တောင်အာရှတွင် အတွေ့ရများခဲ့သော နီယိုလစ်ဘရယ်မှုဖြင့် အကောင်အထည် ဖော်ခဲ့သည့် စိုက်ပျိုးရေးကဏ္ဍ အပြောင်းအလဲပုံစံများကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံက လက်ရှိဆောင်ရွက်နေသည်များနှင့် မခြားနားလှသည်ကိုတွေ့ရမည်။ နီယိုလစ်ဘရယ်ဟုခေါ်သော ထိုနိုင်ငံများမှ လမ်းစဉ်များတွင် (၁) စိုက်ပျိုးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ပြီး မက်လုံးအဖြစ် စည်းမျဉ်းစည်းကမ်းများကို အနည်းဆုံးလျှော့ထားပေးခြင်း (၂) စိုက်ပျိုးရေးကို စက်မှုလုပ်ငန်းသဖွယ် အကြီးစားလယ်ယာများ အကောင်အထည်ဖော်ခြင်း၊ စက်အားနိုင်နင်းသောစိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့်တွဲဖက်လုပ်ကိုင်ခြင်းကသာ ဈေးကွက်ဝင်ရောင်းပန်းလှသော ထုတ်ကုန်များ အမြန်ထုတ်လုပ်နိုင်မည်ဟုယူဆလျက် ပြုပြင်ပြောင်းလဲမှုများကို ထိုမူအတိုင်းဆောင်ရွက်ခြင်း (၃) ယခင်က အစိုးရပိုင်ဖြစ်ခဲ့သော ရပ်ရွာဆိုင် အများပိုင်ဖြစ်ခဲ့သောမြေများကို ပုဂ္ဂလိကပိုင်လွှဲပြောင်းပေးလိုက်ခြင်းဖြင့် တစ်ထစ်ချ အထွက်တိုးစီးပွားဖြစ်လာမည်ဟု ယူဆဆောင်ရွက်ခြင်း၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးဆောင်ရွက်ကြသော တောင်သူများ၊ လယ်သမားကလေးများနှင့် တောင်ယာလုပ်ငန်းများသည် ခေတ်မမီတော့ဟုယူဆခြင်း၊ (၅) တောနယ်တွင် လယ်လုပ်ခဲ့သော လယ်သမားများသည် ဖွံ့ဖြိုးမှုအရှိန်ရလာချိန်တွင် လယ်မရှိသဖြင့် လယ်သမားမလုပ်နိုင်တော့သည့်တိုင်အောင် ခေတ်မီတိုးတက်လာသော စက်မှုစီးပွားရေးထဲတွင် ဝင်ရောက်လုပ်ကိုင်ရန် မြို့သို့ပြောင်းရွှေ့ကြသဖြင့် ကျေးလက်ပြည်သူများ အလုပ်ရကြလိမ့်မည်ဟု မျှော်ရည်ခြင်းတို့ ပါဝင်ကြပါသည် (Christian

Castellanet and Jean-Christophe Diepart 2015)။ သို့ရာတွင် မြန်မာနိုင်ငံက အခြားအာရှနိုင်ငံများကို အမှီလိုက်ရန်ကြိုးစားသောအချိန်မှာ ဗြိတိသျှတို့က ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဆန်အိုးကြီးဟု ဈေးကွက်တင်ခဲ့သော ၁၉ ရာစုထက် များစွာရှုပ်ထွေးလာသော ကုန်သွယ်ရေးအခင်းအကျင်းနှင့် ရိက္ခာကွင်းဆက်များထဲရောက်ရှိနေရာ အားကြီးသူ အနိုင်ရရေးကိုအားပေးသည့် အထက်ပါ နီယိုလစ်ဘရယ်လမ်းကြောင်းမှာ တိုင်းပြည်၏စားနပ်ရိက္ခာ အချုပ်အခြာကို စောင့်ရှောက်နိုင်ပါမည်လောဟု မေးစရာရှိသည်။ စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်ရောင်းချမှုတွင် တိုင်းပြည်၏အချုပ်အခြာ၊ လယ်သမားတို့နှင့် အစားအသောက်ထုတ်လုပ်ပြင်ဆင်ရောင်းချသူ ပြည်သူတို့လက်ထဲမှ အချုပ်အခြာ၊ စားသုံးသူတို့ ဘေးကင်းလုံခြုံရေးအတွက် အချုပ်အခြာကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။

## စားနပ်ရိက္ခာအချုပ်အခြာမရှိခြင်းကြောင့် ကမ္ဘာတွင်ကြုံခဲ့သော အငတ်ဘေးတစ်ခု

၁၈၄၅တွင် ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံတစ်ခုဖြစ်သော ဗြိတိသျှတို့နှင့်ကပ်လျက်တည်ရှိနေသော အိုင်ယာလန်နိုင်ငံတွင် ကြောက်စရာကောင်းသော အငတ်ဘေးကြီး လေးနှစ်ကြာမျှ ပေါ်ပေါက်လာခဲ့ပြီး လူဦးရေ၏ ဆယ်ရာခိုင်နှုန်းကျော် အသက်ဆုံးပါးရပြီး ၂၀ ရာခိုင်နှုန်းလောက်က အငတ်ဘေးကို ကြောက်လန့်ပြီး အခြားနိုင်ငံများသို့ ဒုက္ခကြီးစွာဖြင့် ပြောင်းရွှေ့ထွက်ခွာကြရပါသည်။ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာပြဿနာနှင့်မကင်းသော်လည်း ငတ်လောက်အောင် ရှားပါးမှုမကြုံဖူးခဲ့သည့်တိုင်အောင် စားနပ်ရိက္ခာအစီအမံများ၊ မူဝါဒများသည် မြန်မာနိုင်ငံရေးအတွေးအခေါ်များ၊ အာဏာကစားပွဲများနှင့် အမြဲလိုလိုပင် တိုက်ရိုက်ဆက်စပ်နေသည်ကို သမိုင်းအဆက်ဆက် အဖြစ်အပျက်များက ပြနေပါသည်။ အိုင်ယာလန်နှင့် အိန္ဒိယတို့၏အတွေ့အကြုံများတွင် အငတ်ဘေးသည် သူ့အလိုလို သဘာဝဘေးကြောင့် ဖြစ်လာခဲ့ကြသည်ဟု လက်ညှိုးထိုးမည့်သူများရှိနိုင်သော်လည်း အရင်းစစ်ကြည့်လျှင် မြေတွင်တွေ့ရမည့်အမြစ်မှာ ထိုအငတ်ဘေးကိုဖြစ်စေသော အကြောင်းရင်းခံမှာ စားနပ်ရိက္ခာနှင့်ပတ်သက်ပြီး စီမံခန့်ခွဲပိုင်ခွင့်ကို ယုတ်လျော့စေခဲ့သော မူဝါဒများဖြစ်သည်ကိုတွေ့ရသည်။

အိုင်ယာလန် အငတ်ဘေးကြုံခဲ့သောအချိန်မှာ မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့နှင့် ပထမအင်္ဂလိပ်-ဗမာစစ်ပွဲအပြီး ရခိုင်နှင့်တနင်္သာရီကိုပေးလိုက်ရပြီး ဒုတိယစစ်ပွဲမဖြစ်သေးမီကာလကလေးဖြစ်သည်။ ထိုအငတ်ဘေးသည် နှစ်ပေါင်း ၁၇၅ နှစ်ကြာခဲ့ပြီဖြစ်သော်လည်း ကမ္ဘာအတွက် အရေးကြီးသောသင်ခန်းစာများ ရယူနိုင်သည့် အဖြစ်အပျက်တစ်ခု ဖြစ်နေသေးသည်။ အိုင်ယာလန်သမိုင်းတွင် ကြီးစွာသော အချိုးအကွေ့ နိုင်ငံရေးအပြောင်းအလဲကြီးများကိုဖြစ်စေသည်မှာ သဘာဝဖြစ်စဉ်တစ်ခုဖြစ်သော အာလူးများကို ပိုးကျခြင်းကြောင့်ဟု အပေါ်ယံဆိုကောင်းဆိုပါလိမ့်မည်။ တစ်နိုင်ငံလုံးတွင် အာလူးတစ်ခုတည်းသာ အများဆုံးစိုက်ဖြစ်အောင် မောင်းသွင်းခဲ့သော အခြေအနေများအထိ ပြန်ပြောင်းကြည့်ရန်လိုပါသည်။ အာလူးသည် အိုင်ယာလန်၏ မူလမျိုးမဟုတ်သော်လည်း နောင်တွင် စီးပွားရေးဈေးကွက်အရ အာလူးတစ်မျိုးတည်း စိုက်ပျိုးကြသောအခါ ပိုးကျသောအခါတွင်လည်း အလွန်ကူးလွယ်ခဲ့ပြီး တစ်နိုင်ငံလုံး အာလူးခင်းများပျက်သည့်အတွက်ကြောင့် အငတ်ဘေးဆိုက်ခဲ့ရသည်။ အငတ်ဘေးမဆိုက်မီ နှစ်တစ်ရာလောက်ကို ကြည့်လျှင် အာလူးသည် အိုင်ရစ်ရှ်လူမျိုးတို့၏ မူလအစားအစာမဟုတ်သည်ကို တွေ့ရမည်။ လူချမ်းသာအချို့၏ ဥယျာဉ်တွင် အပျော်စိုက်သော သီးနှံတစ်မျိုးမျှသာ။ အစောပိုင်းတွင် လယ်သမားတို့ကလည်း အာလူးစိုက်ရသည်ကို မကြိုက်ခဲ့ကြပါ။ အိုင်ယာလန်တွင် နှံစားသီးနှံအဖုံဖုံ ဒေသမျိုးများကိုစိုက်ခဲ့ဖူးကြပြီး လယ်သမားတို့သည် နွားကိုလည်းမွေးကြသည်။ သို့ရာတွင် လယ်သမားများ ခပ်မြန်မြန်ပင် အာလူးကို စိုက်ဖြစ်လာအောင် စည်းရုံးခဲ့ကြသူများမှာ ထိုအချိန်က ဗြိတိသျှတို့နှင့် တစ်ပေါင်းတည်းရှိနေသော အစိုးရနှင့်မြေပိုင်ရှင်များဖြစ်ကြသည်။ ထိုအချိန်က အိုင်ယာလန်မှာ ယခုမြန်မာပြည်မှ လယ်သမားအများစုကဲ့သို့ပင် လယ်ကွက်ငါးဧကအောက်သာ ပိုင်ဆိုင်သူက အများစုဖြစ်သည်။ လယ်လုပ်သူတို့ လယ်မပိုင်နိုင်ဘဲ မြေရှင်ထံမှ လယ်ကိုငှားရသော ပမာဏကလည်း များစွာကြီးမားလှသဖြင့် မြေရှင်၏အလိုကိုလိုက်ကာ အာလူးကိုစိုက်ကြရသည်။ နောက်အကြောင်းတစ်ရပ်က အာလူးမှာ မြေပိုင်ရှင်များအတွက် အလုပ်သမားများကို အာလူးကောက်ခွင့်ပေးပြီး လုပ်အားခပေးရသည်မှာ အဆင်ပြေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် တဖြည်းဖြည်းနှင့် အာလူးစိုက်ပျိုးမှာ ပမာဏမှာကျယ်ပြန့်လာပြီး နိုင်ငံ၏ စိုက်ဧက ၆၀

ရာခိုင်နှုန်းမှာ အာလူးစိုက်သည့်မြေဖြစ်လာခဲ့သည်။

အငတ်ဘေးကျသောနှစ်တွင် အိုင်ယာလန်ပြည်သူများမှာ မငတ်ထိုက်ပါဘဲ အငတ်ဘေးနှင့်ကြုံခဲ့ရသည်ဟုဆိုကြသည်။ အဘယ်ကြောင့်ဆိုသော ထိုအချိန်တွင် အိုင်ယာလန်ကပြန်ပြီး ပြည်ပသို့တင်ပို့ (Export ပို့ကုန်) သော အခြားစားသောက်ကုန်များကို ပြည်ပသို့မပို့ဘဲ အိုင်ယာလန်အတွက်သာထားနိုင်ရန် အစိုးရကဝင်ရောက်စီမံခဲ့လျှင် အငတ်ဘေးဖြစ်လာစရာ အကြောင်းမရှိဟုဆိုကြသည်။ သို့ရာတွင် ထိုအချိန်က ဈေးကွက်သည် သူ့သဘောသူဆောင်မည်ဖြစ်သောကြောင့် အစိုးရကဝင်စွက်ခြင်းမှာ မလုပ်ကောင်းသည့်အရာဟူ၍ အစိုးရဘက်မှ တာဝန်ရှိသူများက သဘောထားခဲ့ကြသည်။ အထူးသဖြင့် အိုင်ယာလန်အငတ်ဘေးကျရောက်စဉ် အိုင်ယာလန်သို့ တစ်ကြိမ်မျှပင်မလာရောက်ခဲ့သော အိုင်ယာလန် သက်သာချောင်ချိရေးအတွက် ခန့်ထားသည့်အရာရှိ ဆာချားလ် အက်ဒွက် ထရီဗယ်လျံ (Charles Edward Trevelyan) သည် John Stuart Mill ၏ အငတ်ဘေးကျခဲ့လျှင် အစိုးရဝင်ရောက်စွက်ဖက်က ပိုဆိုးနိုင်သည်ဟူသော အယူအဆကို ကိုင်စွဲသူဖြစ်ခြင်းက လူတစ်သန်း၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးခဲ့သည်။

ထိုအစိုးရ၏ ချို့ယွင်းချက်များအပြင် အခြေခံကျကျ မှားယွင်းခဲ့သော အကြောင်းရင်းတစ်ရပ်မှာ စိုက်ပျိုးရေးမူဝါဒအမှားဖြစ်သည်။ ငွေရရန်စိုက်သော Cash Crop အာလူးတစ်မျိုးတည်းကို အားထားခဲ့ခြင်း အခြားသော အာလူးမျိုးများပင် မူကွဲမစိုက်ဘဲ အရောင်းတွင်သည့်မျိုးကိုသာ တစိုက်မတ်မတ် အားပေးခဲ့ကြခြင်း၊ သီးနှံမျိုးစုံအောင်စိုက်ခဲသည့် ဌာနေဓလေ့နှင့် မျိုးစေ့များကို ဖျက်ပစ်ခဲ့ခြင်းတို့ရှိခဲ့သည်။ ဥရောပသည် ထိုအမှားမျိုးကို နောင်အခါတွင်လည်း ထပ်ထပ်ကျော့ပါသည်။ အိုင်ယာလန်ကဲ့သို့ အငတ်ဘေးမကြုံအောင် အခြားနည်းများဖြင့် (အစားအသောက်ကိုတင်သွင်းခြင်းဖြင့်) ဖြေရှင်းခဲ့ကြသော်လည်း bio-genetics အပင်မျိုးဗီဇ အမွေအနှစ်များကို ဈေးကွက်မက်လုံးအောက်တွင် ဖျက်ဆီးခဲ့ကြသည်။ **ဥရောပသည် နီယိုလစ်ဘရယ်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့သည့်နှစ်များတွင် ရှေးရိုးစဉ်လာစိုက်ခဲ့ကြသော မှတ်ပုံမတင်ထားသည့် မျိုးစေ့များကိုပိတ်ပင်သော ဥပဒေများပြဋ္ဌာန်းခဲ့သည်။** မှတ်ပုံမတင်ထားလျှင် မျိုးသန့်မဟုတ်ဟူသော စည်းမျဉ်းစည်းကမ်းအရ မျိုးစေ့တစ်ခု အထွက်နှုန်းကောင်း၏ မကောင်း၏ကို အခြားအချက်များထက် ပိုအလေးထားသည်။ ဥရောပ မျိုးစေ့လုပ်ငန်းကဏ္ဍကြီးတစ်ခုလုံးသည် မျိုးစေ့ဝယ်သူတို့ မျိုးစေ့ကောင်းကောင်းရရှိရန်ဟူသော မျှော်မှန်းချက်မျိုးဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း ထိုသို့ မျိုးစေ့များသည် သတ်မှတ်အဆင့်အတန်းရှိမှ ဈေးကွက်ဝင်ရမည်ဆိုခြင်း၏ နောက်ဆက်တွဲကြောင့် ဘေးထွက်ဆိုးကျိုးများရှိခဲ့သည်။ စံနှုန်းသတ်မှတ်ချက်များကိုဓာတ်ခွဲခန်းတွင် စမ်းသပ်ပြီးမှ ဈေးကွက်ထဲသွင်းခွင့်ရမည်- တရားဝင်မျိုးစေ့အဖြစ် ရပ်တည်နိုင်မည်ဆိုသောကြောင့် ရှေးရိုးစဉ်ဆက် စိုက်ပျိုးခဲ့ကြသော တောင်သူတို့၏မျိုးစေ့များမှာ ရောင်းရန်၊ ဝယ်ရန်၊ စိုက်ပျိုးရန် ဆေးခြောက်

❝

***မှတ်ပုံမတင်ထားလျှင် မျိုးသန့်မဟုတ်ဟူသော စည်းမျဉ်းစည်းကမ်းအရ မျိုးစေ့တစ်ခု အထွက်နှုန်းကောင်း၏ မကောင်း၏ကို အခြားအချက်များထက် ပိုအလေးထားသည်။ ဥရောပ မျိုးစေ့လုပ်ငန်းကဏ္ဍကြီး တစ်ခုလုံးသည် မျိုးစေ့ဝယ်သူတို့ မျိုးစေ့ကောင်းကောင်းရရှိရန်ဟူသော မျှော်မှန်းချက်မျိုးဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း ထိုသို့မျိုးစေ့များသည် သတ်မှတ်အဆင့်အတန်းရှိမှ ဈေးကွက်ဝင်ရမည်ဆိုခြင်း၏ နောက်ဆက်တွဲကြောင့် ဘေးထွက် ဆိုးကျိုးများ ရှိခဲ့သည်။***

ထက်ပင် ပိုခက်သေးသည်ဟု အိုင်းရစ်မျိုးစေ့စုဆောင်းသူများအဖွဲ့က ပြောကြားခဲ့သည်။ ထိုသို့ကုမ္ပဏီများကရောင်းချသော မျိုးစေ့ကိုသာ အလွယ်တကူဝယ်ယူနိုင်သောကြောင့် အခြားမျိုးစေ့တို့လည်း ရေရှည်ရပ်တည်ရန် ခက်ခဲလာပြီး နှစ်အနည်းငယ်အတွင်း ပပျောက်ကာ နောင်တွင် ပြန်ရှာမရဖြစ်တတ်သည်။ အစားအသောက်နှင့် ဆက်စပ်နေသော လူမှုဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေကို ဆုံးရှုံးရသည့်အပြင် ဈေးကွက်ဝင်သီးနှံကို အလွန်အမင်းမှီခိုရသည့်အတွက် ပြင်ပအခြေအနေ၏တည်ငြိမ်မှုက မိမိကံကြမ္မာကို ပြဋ္ဌာန်းလေ့ရှိသည်။

သေချာသည်မှာ မျိုးစေ့သန့်မသန့်ကို ဓာတ်ခွဲစစ်ဆေးရသည်မှာ အကုန်အကျများသောကြောင့် မစစ်ဆေးနိုင်လျှင် ဥရောပတစ်ဝန်း အသိအမှတ်ပြုထားသောမျိုးစေ့စာရင်းတွင် မဝင်နိုင်သောကြောင့် ဒေသအစားအသောက်ကို ထုတ်လုပ်နိုင်သည့် အပင်မျိုးပေါင်းများစွာမှာ ရောင်းဝယ်စိုက်ပျိုးရန် တရားမဝင်ဟု သတ်မှတ်ခံရတော့သည်။

"Seed testing is expensive and varieties that were not tested were dropped from the European-approved list, making many native foodstuffs illegal to be bought, sold or grown."

The Irish Seed Saver Association

ယခုအခါ အတိတ်မှသင်ခန်းစာကို ပြန်လှန်လေ့လာနေကြသော ထိုမျိုးစေ့ထိန်းသိမ်းရေးအဖွဲ့ဝင်များသည် အရည်အသွေးရှိသည့် ရှားပါးသော ဒေသမျိုးရင်းပေါင်း ၆၀၀ ကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်နေကြသည်။ တစ်ချိန်တည်းတွင် ၁၉၇၀ ကျော်က ချမှတ်ခဲ့သော ဥရောပအပင်မျိုးများဆိုင်ရာဥပဒေများ၏ ကောင်းကျိုးမပေးသည့်နေရာများကို ထောက်ပြနေကြသည်။ သို့ရာတွင် ထိုအလုပ်များစတင်ချိန်၌ အိုင်ယာလန်တွင် ဘိုးဘွားတို့လက်ထက်က ရှိခဲ့သော မျိုးစေ့ပေါင်းများစွာသည် ပျောက်ဆုံးသွားခဲ့ကြပြီ။ **လက်ရှိ ကမ္ဘာ့မျိုးစေ့ဈေးကွက်၏ ၈၀ ရာခိုင်နှုန်းမှာ ကော်ပိုရိတ်တို့၏ လက်ထဲတွင်ရှိသည်။** များစွာသော စိုက်ခင်းများသည်လည်း လယ်သမားများလက်တွင်မရှိတော့ဘဲ ကုမ္ပဏီတို့လက်ထဲတွင် ရောက်ရှိနေကြပြီး လယ်သမားစစ်စစ်ဖြစ်ခဲ့သော ကမ္ဘာအရပ်ရပ်မှလာသည့် **အနေဆင်းရဲမှုကို မည်းတွားရဲသော ရွေးစရာလမ်းမရှိသော ရွှေ့ပြောင်းလုပ်သားများက ကုမ္ပဏီ၏လယ်ကိုလုပ်ကိုင်နေကြသည်။ ဤနည်းဖြင့် စားနပ်ရိက္ခာထုတ်လုပ်ဖြန့်ချိရေး လမ်းကြောင်းတစ်ခုလုံးကို ကော်ပိုရိတ်များကကြီးစိုးလာကြသည်။** အဆိုးဆုံးမှာ စားနပ်ရိက္ခာဈေးကွက်ထဲမှ အမြတ်ငွေဖြင့် မတင်းတိမ်နိုင်သော ထိုကော်ပိုရိတ်များ၏ နောက်ခြေတစ်လှမ်းမှာ ရှယ်ယာရှင်များ ချမ်းသာသထက် ချမ်းသာစေရန် ငွေကြေးဈေးကွက်ထဲသို့ ဝင်ရောက်ကစားခြင်းဖြစ်သည်။ ကိုဗစ်ကဲ့သို့ စားသောက်ကုန်လုပ်ငန်းများ အကျပ်အတည်းဖြစ်သောအခါတွင်မူ ထိုနေဥစ္စာများကို သာမန်လယ်သမားတို့ကဲ့သို့ စားသောက်ကုန်လုပ်ငန်းထဲ**အရှုံးခံပြီး ငွေပြန်မမြှုပ်လိုကြခြင်းမှာ လက်ရှိဖွံ့ဖြိုးပြီးကမ္ဘာမှ အစိုးရများကို ခေါင်းကိုက်စေသော ကိစ္စတစ်ခုဖြစ်နေသည်။**

ထိုအငတ်ဘေးမျိုးကို ခေတ်သစ်ကမ္ဘာတွင် ထပ်မံမပေါ်ပေါက်ရန် ဖြေရှင်းကြသည့်နည်းမှာ Food security စားနပ်ရိက္ခာလုံခြုံရေးကို စဉ်းစားပေးခြင်းဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှုသဘောတွင် အဘယ့်ကြောင့် မဖူလုံမှုများ၊ ငတ်မွတ်မှုများ ဖြစ်လာရသနည်းဟူသော အကြောင်းရင်းများကို ခြေခြေမြစ်မြစ်ရှာဖွေခြင်း၊ ရေရှည်ထပ်မဖြစ်အောင် ဖြေရှင်းခြင်းထက် လက်ရှိအငတ်ဘေးမကြုံအောင် ဖြေရှင်းရန် ဦးစားပေးလေ့ရှိသောမူဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံရေးဟူသောသဘောကို ခေတ်သစ်ကမ္ဘာတွင် ကုလမှအစပြု၍ အဖွဲ့အစည်းများက မကြာခဏဆိုသလို အဆိုပြုလေ့ရှိကြသည်။ ဝေဖန်ဆန်းစစ်တတ်သူတို့ အားမရတတ်သော ထိုရိက္ခာလုံခြုံရေးအမြင်မှာ လူအများ လက်ငင်းရိက္ခာရရှိရေး မငတ်မွတ်ရေးကို အခြေခံပြီး အောက်ပါရှုထောင့်လေးရပ်ကို အခြေခံလေ့ရှိပါသည်။

- Availability: စားနပ်ရိက္ခာထွက်ရှိရမည်။ (မည်သည့်အရပ်မှ ထွက်ရှိသည်ဖြစ်စေ၊ မည်သူက ထုတ်လုပ်ဖြန့်ချိသည်ဖြစ်စေ၊ မည်သူက ဝေငှပေးသည်ဖြစ်စေ စားနပ်ရိက္ခာရရှိပြီဆိုရန် အဓိကဖြစ်သည်။)

- Access: စားနပ်ရိက္ခာ ဝယ်ယူနိုင်ရမည်။ (ဝယ်ယူစရာငွေရှိရန်လိုသည်။)

- Utilization: စားနပ်ရိက္ခာကို ကောင်းကောင်းစားနိုင်ရမည်။ (စားပြီးအားရှိရမည်)

- Stability: လိုအပ်သော စားစရာကို လိုအပ်သည့်အချိန်မှာစားသုံးရန် အဆက်မပြတ်ရှိရမည်။

ထို့ကြောင့်ပင်လျှင် ကိုဗစ်-၁၉ကဲ့သို့ ဒေသများတစ်ခုနှင့်တစ်ခု အဆက်ပြတ်ကြသော၊ စားနပ်ရိက္ခာ ကုန်သွယ်လမ်းကြောင်းများ မချောမွေ့သောအချိန်မျိုးတွင် နိုင်ငံအသီးသီးက တုံ့ပြန်ရေးအစီအမံများ ချမှတ်သောအခါတွင် စားနပ်ရိက္ခာထောက်ပံ့ရေး လမ်းကြောင်းများပေါ်ကျရောက်မည့် အကျိုးဆက်များ၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ရိက္ခာဖူလုံရေးကို မရည်ရွယ်ဘဲကျရောက်နိုင်သည့် ဆိုးကျိုးများကို အလေးထားစဉ်းစားကြပြီး ဆောင်ရွက်ရန် အစိုးရများကို ကုလအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက သတိပေးနေကြသည်။ လောလောဆယ်တွင် ကိုဗစ်ကာကွယ်ရေး ထိန်းချုပ်မှုအစီအမံများကြောင့် စားနပ်ရိက္ခာလုပ်ငန်းကွင်းဆက်များ Food supply chain များကို မထိခိုက်စေသင့်ဟု နိုင်ငံတကာအဖွဲ့အစည်းများကလည်း အကြံပြုထားကြပါသည်။ ပညာရှင်အတော်များများကမူ ရေရှည်တွင် စားနပ်ရိက္ခာကုန်သွယ်ရေးကွင်းဆက်များကို ထိန်းထားရုံနှင့် မလုံလောက်ဘဲ ထိုလမ်းကြောင်းပေါ်တွင် အမြစ်တွယ်နေသော ရေရှည်စိုက်ပျိုးစီးပွားနှင့်မှီခိုနေရသူများကို ဒုက္ခပေးနိုင်သည်များအား လေးလေးနက်နက်ပြင်ဆင်ရန်လိုပြီဖြစ်ကြောင်း စားနပ်ရိက္ခာအချုပ်အခြာ- Food sovereignty ရှုထောင့်ဘက်မှ ကျယ်ကျယ်လောင်လောင်ပင် ပြောဆိုနေကြပါသည်။

## စားနပ်ရိက္ခာအချုပ်အခြာ- Food sovereignty

လွန်ခဲ့သော နှစ်ပေါင်းအစိတ်လောက်တွင် Food Sovereignty ဟူသော အတွေးအခေါ်မှာ ကမ္ဘာတစ်လွှားရှိ တောင်သူလယ်သမားအသင်းအဖွဲ့များကြားတွင် လူသိများလာခဲ့ပါသည်။ ထိုအတွေးအခေါ်ကို အပြည်ပြည်ဆိုင်ရာ လယ်သမားလှုပ်ရှားမှုတစ်ခုဖြစ်သော the La Via Campesina က ၁၉၉၇ တွင် မိတ်ဆက်ခဲ့ပါသည်။ အချုပ်အခြာ သဖွယ်စီမံပိုင်ခွင့်ဟုဆိုရာတွင် နိုင်ငံတိုင်းသည် မိမိတို့၏စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍများကို ကောင်းစွာကာကွယ်နိုင်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်နိုင်ရပါမည်။ ထိုသို့ မိမိတို့မူဝါဒကို ခိုင်မာအောင် ချမှတ်အကောင်အထည်ဖော်ချိန်တွင် အခြားနိုင်ငံများထဲသို့ မိမိတို့မလိုသောရိက္ခာများကို ပေးပို့စုပုံကာ ဖြစ်လာသော ဆိုးကျိုးအတွက် တာဝန်မခံသည့် အပြုအမူမျိုးကိုလည်း လက်လွတ်စပယ်ပြုခြင်းမျိုးမရှိရပါ။ နိုင်ငံရပ်ခြားမှ လုပ်ငန်းများက အမြတ်အစွန်းအတွက်ကြောင့်လည်းကောင်း၊ နိုင်ငံရေးရည်ရွယ်ချက်ကြောင့်လည်းကောင်း ဈေးပေါပေါဖြင့် သွန်ချသလို ရောင်းလာသောကုန်စည်များကြောင့် မိမိတို့တောင်သူများ အကျိုးယုတ်ရမည့်အရေးကို အမြဲတမ်းထည့်သွင်းစဉ်းစားပြီး စီမံနိုင်ကြရမည်ဖြစ်သည်။ ဌာနေပြည်သူတို့၏လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ထုတ်လုပ်မှုမျိုး၊ စားသောက်မှုပုံစံမျိုးရစေပြီး စားနပ်ရိက္ခာအရည်အသွေးပြည့်ဝမှုကို ပိုမိုအလေးထားရမည်။ မြေယာမဲ့ပြည်သူများ၊ တောင်သူလယ်လုပ်များ၊ ပြည်တွင်းမွေးမြူရေးလုပ်ငန်းငယ်ကလေးများကို အလုပ်အကိုင် အဆင်ပြေအောင် မြေယာ၊ ရေ၊ မျိုးစေ့အစရှိသည့်တို့အပြင် လိုအပ်သော ကုန်ထုတ်လုပ်မှု သွင်းအားစုများနှင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို ပေးနိုင်ကြမှသာ နိုင်ငံတစ်နိုင်ငံသည် ရေရှည်မိမိတို့ စားနပ်ရိက္ခာကို မိမိတို့ စီမံပိုင်ခွင့်ရရှိနေပါမည်။ ထိုမျှမကသေးဘဲ ကုန်သွယ်ရေးမူဝါဒများကိုသာကွက်၍ စဉ်းစားခြင်းမဟုတ်ဘဲ စားနပ်ရိက္ခာကို အချုပ်အခြာသဖွယ်စီမံပိုင်ခွင့်မူဝါဒများ၊ ရေရှည်တည်တံ့ စိမ်းလန်းရေးမူဝါဒများကိုလည်း ဦးစားပေးကဏ္ဍတွင် ထည့်သွင်းစဉ်းစားရမည်ဟုဆိုထားသည်။ လိုရင်းကိုဆိုရလျှင် Food sovereignty ၏ အခြေခံသဘောတရား ၇ ချက်တွင်

၁။ ကျန်းမာသော၊ ယဉ်ကျေးမှုနှင့်လျော်ညီသော စားနပ်ရိက္ခာကိုရနိုင်စေရန် လူအတွက် စားနပ်ရိက္ခာကို အဓိကထားခြင်း (ကောင်းသောအစားအစာမှန်သမျှကို နိုင်ငံခြားပို့ပြီး ချမ်းသာသူများကို လုပ်ပိုင်ခွင့်ပေးလျက် ဌာနေ

ဆင်းရဲသားများက အစားအသောက်ချို့တဲ့နေခြင်း၊ နောက်ဆက်တွဲ ကျန်းမာရေးချို့တဲ့ခြင်းများ ဖြစ်လာလျှင် နိုင်ငံအတွက် ရေရှည်တွင် မထူးသောကြောင့်ဖြစ်သည်။)

၂။ စားနပ်ရိက္ခာထုတ်လုပ်သော တောင်သူကလေးများကို အလေးထားခြင်း၊ ကော်ပိုရိတ်နှင့်အစိုးရက အသေးစား တောင်သူများအပေါ် အနိုင်မကျင့်ရာရောက်သည့်လုပ်ရပ်မျိုးကို ရှောင်ကြဉ်ခြင်း။

၃။ ပြည်တွင်းဖြစ်ကို အားပေးခြင်း၊ အတားအဆီးမရှိ လွတ်လပ်သောကုန်သွယ်ရေးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများကိုသာ အကျိုးအမြတ်များစေပြီး အဆင်သင့်မဖြစ်သောနိုင်ငံအတွက် အန္တရာယ်များရှိသောကြောင့် မိမိတို့ဌာနေလုပ်ငန်း များကို ကြိုတင်မြော်မြင်ကာကွယ်ခြင်း။

၄။ စားနပ်ရိက္ခာနှင့် ပတ်သက်သော လွတ်လပ်ခွင့် အချုပ်အခြာပိုင်ခွင့်မှာ ဘုံနယ်မြေများတည်ရှိခြင်းနှင့် များစွာ သက်ဆိုင်နေသောကြောင့် အများဆိုင် ဘုံဆိုင်မြေများ မပျောက်ကွယ်အောင် ထိန်းသိမ်းခြင်း။ (စားကျက်တို့ မပျက်ခြင်း၊ ရေနှင့်မျိုးစေ့များကိုထိန်းနိုင်ခြင်း၊ ကျွဲနွားများနှင့် ငါးအပါအဝင် သဘာဝသယံဇာတများ ရေရှည် တည်တံ့ခြင်း။ ထိုအများပိုင်စနစ်၏ အထောက်အပံ့ကိုမရတော့လျှင် ရိက္ခာဆိုင်ရာလွတ်လပ်ခွင့်ကို ထိခိုက်စေ နိုင်ပါသည်။)

၅။ ဌာနေရပ်ရွာက ဝမ်း'လှ'ခြင်းက ပထမ၊ နိုင်ငံခြားကုန်သွယ်မှုက ဒုတိယစဉ်းစားခြင်း။

၆။ နည်းပညာက လူ၏လုပ်အားကို အစားထိုးဝင်ရောက်လာခြင်းကြောင့် ပြည်သူတို့၏ ရိက္ခာထုတ်လုပ်ပိုင်ခွင့်နှင့် လယ်သမားများအပါအဝင် စားသောက်ကုန်ထုတ်လုပ်သူ အသိုက်အမြုံကို မပျက်စီးစေခြင်း။

၇။ သဘာဝကို ထပ်မံပျက်စီးစေသော နည်းလမ်းများမသုံးရခြင်း။ (စွမ်းအင် အလွန်အကျွံသုံးသောစနစ်၊ ကာဗွန် ပိုထုတ်သောစနစ်၊ လူအများမှီခိုနေရသော သဘာဝကို ပျက်စီးစေသောစနစ်ကို ရပ်တန့်ချိန်တန်ပြီဖြစ်သည်။)

## စားနပ်ရိက္ခာအချုပ်အခြာ- Food sovereignty က အရေးကြီးကြောင်း မြင်သာစေသည့် နမူနာဖြစ်ရပ်

**ဘင်္ဂလားအငတ်ဘေး**

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၃ ခုနှစ်တစ်ဝိုက်တွင် ဖြစ်ပွားခဲ့သော ဘင်္ဂလား အငတ်ဘေးသည် လူပေါင်း ၃ သန်းနီးပါး ၏ အသက်ကို ခြွေယူခဲ့သည်။ ဘင်္ဂလားအငတ်ဘေးကို ပြန်ပြောင်း လေ့လာခဲ့ကြသော သိပ္ပံရှင်များက ထိုအငတ်ဘေး မှာ အစိုးရမူဝါဒများ ချို့ယွင်းချက်ကြောင့်ဖြစ်ရသော စိုက်ပျိုးရေးကဏ္ဍ အကျပ်အတည်းတစ်ခုဟု သက်သေထူခဲ့ကြ သည်။ ထိုအစိုးရမူဝါဒများအတွက် တာဝန်အရှိဆုံးသူမှာ ဒုတိယကမ္ဘာစစ်ကို တိုက်လက်စဖြစ်နေသည့် အိန္ဒိယကို အုပ်ချုပ်နေသော ဗြိတိန်အစိုးရနှင့် ထိုအစိုးရ၏ဝန်ကြီးချုပ် ချာချီဟူ၍ မှတ်တမ်းများက ပြန်ပြောင်းပြောပြကြပါသည် (Mukerjee 2014)။ အိန္ဒိယတွင်ဖြစ်သော အငတ်ဘေး၊ လယ်ယာထွက်ကုန် မလုံလောက်မှုအတွက် အဘယ့်ကြောင့် အင်္ဂလိပ်အစိုးရကို လက်ညှိုးထိုးစရာဖြစ်ရသနည်း။ ယခင်ကမူ ထိုအငတ်ဘေး၏အကြောင်းရင်းမှာ ရာသီဥတုမမှန် သောကြောင့် မိုးခေါင်သောကြောင့်ဟူ၍ လက်ညှိုးထိုးခဲ့ကြခြင်းများရှိသည်။ သို့ရာတွင် သိပ္ပံပညာရှင်များသည် ၁၈၇၃ မှ ၁၉၄၃ အတွင်း ခြောက်ကြိမ်မျှဖြစ်ပွားခဲ့သော အိန္ဒိယအငတ်ဘေးတိုင်း မြေကြီး၏စိုထိုင်းဆ၊ မိုးရေချိန်နှင့် အပူချိန် တို့ကို တိုင်းတာခဲ့ရာ နောက်ဆုံးဖြစ်ခဲ့သော ၁၉၄၃ ဘင်္ဂလားအငတ်ဘေးမှာ ရာသီဥတုကြောင့်ဖြစ်သော အငတ်ဘေး မဟုတ်ဟူသော အဖြေထွက်လာခဲ့သည်။ ကိုလိုနီအုပ်ချုပ်ရေးအောက်သို့ ရောက်ရှိခဲ့ရသော အိန္ဒိယနှင့် မြန်မာကဲ့သို့ သော နိုင်ငံများမှ လယ်သမားများ၊ အောက်ခြေကုန်သည်များမှာ ဗြိတိသျှတို့၏ ဈေးကွက်စီးပွားရေး ပထမနှင့် ပြည်ပ

ပို့ကုန်တိုးမြှင့်ရေးမူများ၏ အကျိုးဆက်ကိုခံစားကြရသည်။ ထိုအင်္ဂလိပ်စစ်မဖြစ်မီနှစ်များတွင် အိန္ဒိယသည် ဗြိတိသျှတို့ အုပ်ချုပ်မှုအောက်တွင် ကိုယ်ပိုင်ကိုယ့်ချင်းမဟုတ်သောကြောင့် မိမိတိုင်းပြည်၏ ကံကြမ္မာအလုံးစုံကို မဆုံးဖြတ်နိုင်ပါ။ ဗြိတိသျှအစိုးရကချမှတ်ခဲ့သော ဗြိတိန်၏အကျိုးစီးပွားကိုစောင်းပေးသည့် စိုက်ပျိုးရေးမူဝါဒများကို အကောင်အထည် ဖော်ပေးခဲ့ကြရာ တကယ်အငတ်ဘေးကြုံလာသောအခါ အိန္ဒိယအစိုးရမှာ ပြည်သူကိုမကယ်နိုင်ချေ။

အိုင်ယာလန်တွင်အာလူးကို ခေတ်စားအောင် ဖန်တီးခဲ့သကဲ့သို့ပင် အိန္ဒိယအား မူလက ဆန်ကို အဓိကထားစားသော နိုင်ငံအဖြစ်မှ ဂျုံကို ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရေး အဓိက အားပြုသော နိုင်ငံဖြစ်လာအောင် ပထမပိုင်းတွင် တဖြည်းဖြည်း မောင်းသွင်းခဲ့ကြသည်မှာလည်း ဗြိတိသျှတို့၏ နိုင်ငံရေးမူဝါဒများ နှင့် ဈေးကွက်မူဝါဒများပင်ဖြစ်သည်။ ထို့ပြင် ထိုအငတ်ဘေးမတိုင်မီ ရာစုနှစ် တစ်ခုလုံးတွင် ဗြိတိသျှအစိုးရ၏ အထောက်အပံ့ကို ရသော ကုန်သည်တို့သည် အိန္ဒိယမှဆန်စိုက်ခဲ့သောမြေများကို စက်မှုကုန်ကြမ်းများစိုက်စေခဲ့ပြီး ဥရောပစက်ရုံတို့၏လိုအပ်ချက်ကို ဖြည့်စွက် စေခဲ့သည်။ အိန္ဒိယက လိုအပ်သောဆန်ကိုကား မြန်မာပြည်မှတင်သွင်းခဲ့သည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ဖြစ်လာ ခဲ့ပြီး မြန်မာနိုင်ငံက ဂျပန်လက်အောက်ကျရောက်ပြီး မူလအခြေအနေများ ပျက်စီးချိန်တွင် အိန္ဒိယသည် အငတ်ဘေး နှင့် ရင်ဆိုင်ရတော့သည်။ ဈေးကွက်၏ သဘောကို ဝင်မစွက်ဟူသော သဘောတရားကြောင့်ပင်လျှင် အိန္ဒိယက ရိက္ခာလိုအပ်နေချိန်တွင် အိန္ဒိယမှ အခြားဗြိတိသျှပိုင်နယ်များသို့ ထွက်ခွာနေသော ဆန်သင်္ဘောများကို တားဆီးခွင့် မရှိပေ။ ထို့ပြင် ဗြိတိသျှနန်းရင်းဝန်ချာချီသည် အရှေ့အလယ်ပိုင်းတွင် ဗြိတိသျှတို့စစ်ပြီးချိန်ကိုမျှော်၍ အသင့် ရောင်းချ နိုင်ရန် စုဆောင်းထားသည့် ရိက္ခာဂိုထောင်များရှိသော်လည်း အိန္ဒိယအတွက်မျှပြီး ပြန်ပို့မပေးခဲ့ချေ။ အိန္ဒိယရှိ အရာရှိ များသည် ချာချီထံ အကြိမ်ကြိမ်တောင်းဆိုခဲ့ကြသော်လည်း ရိက္ခာပို့မည့်သင်္ဘောမရှိဟူသော အဖြေကိုသာရခဲ့သည်။ ထို့ကြောင့်ပင် ထိုဘင်္ဂလားအငတ်ဘေးကြီးကို ချာချီ၏ ဟိုလိုကော့စ် (အစုလိုက်အပြုံလိုက် အငတ်ဘေးကျစေခြင်း) ဟု ခေါ်ဝေါ်ခဲ့ကြသည်။

နောင်တွင် ဘင်္ဂလားအငတ်ဘေးကဲ့သို့ လူဖန်တီးသော ဟိုလိုကော့စ်ဟု လက်ညှိုးထိုးစရာမရှိတော့သော်လည်း အိန္ဒိယနိုင်ငံသည် ၂၀ ရာစုအတွင်း ဒုတိယအကြိမ် အငတ်ဘေးကိုရှောင်လွှဲနိုင်ရန် အစိမ်းရောင်တော်လှန်ရေး အမည်ရခဲ့သည့် ရိက္ခာထုတ်လုပ်ရေးမူဝါဒသစ်များကို အသုံးပြုခဲ့ရသည်။ စစ်အေးအတွင်း ရန်သူဆိုဗီယက်ဘက်သို့ နိုင်ငံများစွာပါမသွားစေရေး- ဩဇာခံနယ်မြေထိန်းသိမ်းရေး မဟာဗျူဟာအရ အမေရိကန်ပြည်ထောင်စုက လိုလို လားလားပေးခဲ့သော နည်းပညာအကူအညီများဖြင့် (အမှန်စင်စစ် ဓာတ်မြေဩဇာနှင့်ရေကို အဆများစွာတိုးသုံးရသော နည်းပညာဖြင့်) အထွက်တိုးအောင် ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်း ဆယ်စုနှစ်နှစ်ခုမျှ အိန္ဒိယလယ်များ စပ်မျိုးဖြင့် အထွက်တိုးခဲ့သော်လည်း နောက်ပိုင်းတွင် စိုက်စရိတ်ပိုကြီးလာသဖြင့် လယ်သမားများ အကြွေးနှင့်ကြုံရခြင်း၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးခြင်း၊ ကင်ဆာဖြစ်နှုန်းတိုးလာခြင်း၊ ဒေသမျိုးများစွာပျောက်သွားခြင်းတို့ကို ကြုံခဲ့ရသည် (Perkins 1997)။ အစိုးရစိုက်ခိုင်းသောမျိုးစေ့ကို စိုက်ရသောစနစ် အလျင်အမြန်ဖွံ့ဖြိုးလာပြီးနောက် ဌာနေမျိုးစေ့ဆုံးရှုံးမှုမှာ ကြီးမားလှရာ ထိုကာလများမတိုင်မီတွင် အိန္ဒိယ၌ စပါးတစ်မျိုးတည်းပင်လျှင် အမျိုးပေါင်း ၁,၁၀၀,၀၀၀ ရှိခဲ့ဖူးသော် လည်း ယနေ့အခါတွင် စပါးမျိုးခြောက်ထောင်ခန့်သာ ကျန်ရှိတော့သည်။

ထိုအဖြစ်အပျက်နှစ်ခုစလုံးကို ပြန်ကြည့်လျှင် သက်ဆိုင်ရာဌာနေလယ်သမားတို့ထံတွင် မိမိတို့၏မျိုးစေ့နှင့် ပတ်သက် ပြီး ထိန်းသိမ်းထားနိုင်ခွင့်၊ မိမိတို့ရိက္ခာကို မိမိတို့စိတ်ကြိုက်ရွေးချယ်ခွင့်မရှိအောင် အမြတ်ကိုဦးစားပေးသောစနစ်က ချုပ်နှောင်ထားသောအခြေအနေကို တွေ့မြင်ကြရမည်ဖြစ်သည်။

## ဗြိတိသျှလက်အောက်နိုင်ငံတစ်ခုအဖြစ်ကြုံခဲ့ရသော အရင်းရှင်စီးပွားရေးကွင်းဆက်ထဲမှ မြန်မာနိုင်ငံ၏ အတွေ့အကြုံ

မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်ရောက်သွားခြင်းသည် ခေတ်တစ်ခုအတွင်းမှ အခြားခေတ်တစ်ခုအတွင်းသို့ ရောက်ရှိသွားခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံတော်အခြေပြုကျမ်းက ဆိုပါသည်။ ပဒေသရာဇ်စနစ်ကိုဖြိုချ၍ အရင်းရှင်စနစ်ကို တည်ဆောက်ရန်ကြိုးပမ်းရာတွင် နိုင်ငံ၏အကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားကို ဦးထိပ်ထားခြင်းကြောင့် နိုင်ငံကိုပျက်စေခဲ့သည်....(စာ-၃၇) ဟု ရေးသားထားခဲ့သည်။ မြန်မာတို့သည် မြစ်ဝကျွန်းပေါ်တွင် ဆန်စပါးလုပ်ငန်းတဟုန်ထိုးဆန့်ထွက်လာပြီး မြန်မာပြည်သည် ကမ္ဘာ့ဆန်အိုးကြီးဖြစ်ခဲ့ဖူးသည်ဟု ဂုဏ်ယူကြသော်လည်း ထိုအခြေအနေများကို ကိန်းဂဏန်းနှင့် စေ့စေ့စပ်စပ်ပြန်ဆွေးနွေးကာ ထိုခေတ်မှာ မြန်မာတို့အတွက် ရွှေခေတ်မဟုတ်ခဲ့ရပါဟု ပြန်လည်ခုခံချေပငြင်းချက်ထုတ်သူ နိုင်ငံခြားသားပညာရှင်များရှိခဲ့ပါသည်။ စပါးကို စီးပွားဖြစ် အကြီးအကျယ်စိုက်ပျိုးရာ ပထမပိုင်းတွင် မြစ်ဝကျွန်းပေါ်၏မြေသြဇာမှာ ပထမတန်းဖြစ်နေသေးသည့်အတွက် နိုင်ငံခြားဈေးကွက်ဝင်လျက် အလုပ်ဖြစ်ခဲ့သော်လည်း မြေဆီလွှာ၏သဘောမှာ ထုံးစံအတိုင်း သီးနှံတစ်ခုတည်းကို ထပ်တလဲလဲစိုက်ပါက နောက်ပိုင်းတွင် အထွက်နှုန်းကျဆင်းလာခဲ့ပါသည်။ တစ်ချိန်တည်းတွင် ရာသီဥတုကြောင့်ဖြစ်စေ၊ ရေကြီးသောကြောင့်ဖြစ်စေ စပါးထိခိုက်လျှင် အကြွေးထပ်တိုးပြီးတင်ဖို့ရာ လွယ်ကူလာပါသည်။ ပထမပိုင်းတွင် အညာမှရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သား လယ်သမားများသည် ချစ်တီးတို့ထံမှကြွေးကိုယူလျှင် နှစ်နှစ် သုံးနှစ်ဖြင့် ကျေလွယ်သော်လည်း နောက်ပိုင်းတွင် အကြွေးတစ်ခါတင်ပြီးလျှင် ကျေနိုင်သည်ဟူ၍မရှိဘဲ အဆိုးကျော့သံသရာသို့ စဝင်ရောက်လာခဲ့သည်။

မြစ်ဝကျွန်းပေါ်တွင် နှစ်ငါးဆယ်ကျော်မျှ စပါးခေတ်ကောင်းခဲ့ပြီးနောက် မြန်မာနိုင်ငံသည် ၁၉၀၀ နဲ့ ၁၉၁၀ ကြားတွင် ဥရောပဈေးကွက်ကို ဆုံးရှုံးသွားခဲ့သည်။မြန်မာ့ဆန်ဈေးကောင်းရခဲ့ဖူးသော ဥရောပဈေးကွက်ကို စပိန်၊ ဂျပန်၊ ထိုင်းနှင့် အင်ဒိုချိုင်းနား (ဗီယက်နမ် + ကမ္ဘောဒီးယား) တို့မှ ပိုအရည်အသွေးကောင်းသောဆန်များ ဝင်ရောက်လာခြင်းကြောင့် မြန်မာ့ဆန်သည် သူ့သရဖူကို လက်ပြောင်းပေးလိုက်ရပြီးနောက် တစ်ခါမှပြန်မရတော့ချေ။ လွတ်လပ်သောဈေးကွက်စီးပွားရေးဟုဆိုသော်လည်း  ကိုလိုနီအစိုးရက လမ်းကြောင်းပေးသော မူဝါဒများအရ အိန္ဒိယဈေးကွက်သို့ တင်ပို့ခဲ့ရသည်။ အိန္ဒိယသည် ဥရောပအတွက် စက်မှုကုန်ကြမ်းတွေထုတ်ပေးတဲ့ နေရာဖြစ်လာပြီးနောက်ပိုင်းတွင် ဗြိတိသျှကုမ္ပဏီများနှင့် သူတို့ကိုထောက်ခံပေးထားသော အစိုးရ၏အလိုကျ ဆန်ကိုလျှော့စိုက်လာရသောကြောင့် မြန်မာပြည်ကနေ ဆန်ကိုဝယ်ယူလာခဲ့သည်။ အကြမ်းအားဖြင့် မြန်မာပြည်၏ဆန်တင်ပို့မှုနှုန်းသည် ၁၉၀၁ နဲ့ ၁၉၂၁ ကြားတွင် ကျစပြုလာပြီး ယခင်ထက် နှစ်ဆယ်ရာခိုင်နှုန်းခန့် ကျသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် မြေငှားခများမှာ ဈေးတက်လာခဲ့သည်။ အိန္ဒိယသားများ ဝင်လာသောနယ်မြေများတွင် မြေငှားခက ဈေးမြင့်တက်လာတတ်သောကြောင့် လူမျိုးအချင်းချင်းကြား အမုန်းများ၊ မလိုလားမှုများသည် ရပ်ရွာအတွင်း၌ပင် ပြင်းထန်လာသည့်အနေအထားရှိလာခဲ့သည်။ ထိုအဖြစ်အပျက်များသည် တိုင်းရင်းသားနယ်များတွင် နိုင်ငံခြားမှလုပ်ငန်းရှင်များသို့ မြေငှားပေးနေသောမူဝါဒနှင့် များစွာခြားနားခဲ့သည်မဟုတ်ပါ။ သို့သော်ပိုဆိုးသည်မှာ ယခု မြေငှားများက မြေသြဇာပိုသုံးပြီး နှစ်ကာလတိုအတွင်း မြန်မာ့မြေများကိုဖျက်ဆီးခဲ့ကြခြင်းကသာ အဆစ်ပိုပါသည်။ လူမျိုးရေးစိတ်ဝမ်းကွဲခြင်း ပြဿနာများကိုလည်း တိုးလာစေသော ထိုစနစ်တွင် နောက်ထပ်သတိထားစရာမှာ အရင်းရှင်စနစ်၏ အတိုဆုံးအချိန်အတွင်း  အများဆုံးအမြတ်ကိုလိုချင်သောသဘောမှာ  ခေတ်တိုင်းတွင်  မှန်နေခြင်းပင်ဖြစ်ပါသည်။ မြေယာမဲ့ထူပြောလာခြင်း၊ ကြွေးထူလာခြင်း၊ အလုပ်လက်မဲ့ဖြစ်လာခြင်း၊ လယ်ထဲမှအလုပ်ကို လက်လွှတ်လိုက်ရသူအတွက် အခြားနေရာတွင်ဝင်ဆံ့နိုင်ရန် အလုပ်မရှိခြင်း ထိုအရာများကို မြန်မာလယ်သမားတို့ ကြုံခဲ့ကြဖူးပါပြီ။

ထို့ပြင် ဗြိတိသျှအစိုးရသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများ၊ ကုမ္ပဏီများ၏ မျက်နှာကိုပိုကြည့်သော အစိုးရဖြစ်သောကြောင့် တောင်သူများသက်သာချောင်ချိရေးအတွက် အမတော်ကြေးချပေးခြင်း အပါအဝင် တောင်သူဘဝတိုးတက်စေမည့် အလုပ်များကို ရေရေရာရာမလုပ်ပေးခဲ့ပါ။ လွတ်လပ်သောဈေးကွက်၏ စေစားရာအတိုင်းသာ ကျောစင်းခံစေသည်။

ပထမပိုင်းတွင် ငွေလွယ်လွယ်ထုတ်ချေးတတ်သော ချစ်တီးများနှင့်သာ အပ်ထားလိုက်တော့သည်။ ချစ်တီးများသည် ၁၈၂၆ တွင် တနင်္သာရီကိုသိမ်းသော မဒရာစီတပ်များ၏စောင့်ရှောက်မှုဖြင့် အိန္ဒိယအလုပ်သမားတွေနဲ့အတူလိုက်ပါလာခဲ့သည်။ ချစ်တီးတို့၏လုပ်ငန်းသည် အင်တာနယ်ရှင်နယ်ကွန်ရက်ကြီးဖြစ်သည်။ ယနေ့ အိန္ဒိယမှသည် သီရိလင်္ကာ၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအထိ ရှိသည်။ သူတို့သည် ပထမဆုံးရုံးခွဲကို မော်လမြိုင်တွင် ၁၈၅၀ မှာဖွင့်ခဲ့ပြီး ၁၉၃၀ သို့ရောက်သောအခါ ရုံးခွဲပေါင်း ၁၆၅၀ ရှိကာ ထိုရုံးများထဲမှ ၈၇% က အောက်မြန်မာပြည်တွင် ရှိသည်။ ထိုစဉ်က အစောပိုင်းတွင် ချစ်တီးတို့၏ ပေါပေါများများ အကြွေးချထားပုံမှာ ယခု အသေးစားငွေချေးကုမ္ပဏီများနှင့် ဆင်တူပါလိမ့်မည်။ နောင်တွင် ချစ်တီးများသည် အကြွေးမဆပ်နိုင်သောကြောင့် သိမ်းရသောမြေများစုပုံလာသဖြင့် မြေရှင်များဖြစ်လာကြသည်။ သို့ရာတွင် ချစ်တီးတို့သည် ငွေကြေးတွင်သာ ရင်းနှီးမြှုပ်နှံလိုသူများဖြစ်ပြီး မြေကိုလက်ထဲထားလိုသူများ မဟုတ်ကြပေ။ ဖြစ်နိုင်လျှင် အမြန်ဆုံးပြန်ထုတ်ရောင်းလေ့ရှိသောကြောင့် မြန်မာဆင်းရဲသားတောင်သူများ ပြန်မဝယ်နိုင်သောမြေများမှာ လယ်မလုပ်သော မြန်မာမြေပိုင်ရှင်များနှင့် တရုတ်၊ အိန္ဒိယအစရှိသော နိုင်ငံခြားသားတို့လက်ဝယ်သို့ များစွာရောက်ရှိလာခဲ့သည်။ ၁၉၂၀ လောက်တွင် ကိန်းဂဏန်းများကိုကြည့်လျှင် ချစ်တီးချေးထားသော အကြွေးများသည် မြန်မာတစ်နိုင်ငံလုံးတွင် လယ်လုပ်သူများအပေါ် တင်သောအကြွေး၏ ၆၀ ရာခိုင်နှုန်းခန့် ရှိလာခဲ့သည်။ ချစ်တီးများကို စီးပွားရေးကြပ်တည်းလာခြင်း၏ တရားခံအဖြစ် သတင်းစာများနှင့် နိုင်ငံရေးသမားများက တဖြည်းဖြည်း လက်ညှိုးထိုးလာခဲ့ကြပြီး စီးပွားရေး အသင်းများက အကြွေးပြန်မဆပ်ရန် လယ်သမားများကိုလှုံ့ဆော်ခဲ့သည်။ နောက်ဆက်တွဲမှာ ငွေဆုံးမည့်အရေးကို စိုးရိမ်လာသောကြောင့် နိုင်ငံတကာတွင် ရုံးခွဲများဖြင့် ငွေချေးလုပ်ငန်းကိုလုပ်ကိုင်သူ ချစ်တီးများသည် နောက်ထပ် မြန်မာလယ်သမားများကို အကြွေးမချလိုတော့ဘဲ ဗမာများကို လက်ရှောင်လာခဲ့သည်။ အမြတ်ဗဟိုပြု ရင်းနှီးမြှုပ်နှံသူတို့၏သဘောအရ ချစ်တီးအချင်းချင်းကြားတွင်သာ ငွေအသွင်းအနုတ်လုပ်ကြပြီး တဖြည်းဖြည်း ပိုခိုင်မာသောနယ်မြေများဆီသို့ရွှေ့ရန် ခြေလှမ်းပြင်နေခဲ့ကြပါသည်။

ထိုအခါ လယ်သမားများ စိုက်ပျိုးစရိတ်မရနိုင်သဖြင့် ပိုပြီးကျပ်တည်းလာခဲ့သည်မှာ ၁၉၂၀-၁၉၃၀ ကြား ပထမကမ္ဘာစစ်အပြီး ကိုဗစ်ကဲ့သို့ ကမ္ဘာ့စီးပွားပျက်ကပ်ကာလတွင် ပို၍ဆိုးရွားလာခဲ့သည်။ သူပုန်စုဆောင်းရေး အကြီးအကျယ်ဖြစ်လာခဲ့သော ဘိုကလေး ၊ဖျာပုံ၊ ပုသိမ်၊ မြောင်းမြ၊ သာယာဝတီနယ်များက စာရင်းဇယားများတွင် အကြွေးပြဿနာမှာ လွန်စွာသိသာလာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်ထဲတွင် မြန်မာလယ်သမားများကို စောင်မကြည့်ရှုသော အစိုးရမဟုတ်နေဘဲ ဈေးကွက်၏လက်ထဲသို့ ဝကွက်အပ်ထားချိန်တွင် ချစ်တီးများ၏ လုပ်ငန်းများအတွက်မူ ဥရောပဘဏ်များက တောက်လျှောက် ငွေထုတ်ချေးပေးခဲ့ပါသည်။ ချစ်တီးများ မြန်မာပြည်ဘက် ခြေလှမ်းဆုတ်သွားသောအခါ မြန်မာဘက်ကို ဥရောပဘက်ကဝင်လာနိုင်သည့် ငွေကြေးစီးဝင်မှုကျုံ့သွားပါသည်။

ရှေးဦးမဆွကပင် ကမ္ဘာ့ဈေးကွက်ကွင်းဆက်များထဲသို့ ဗြိတိသျှအစိုးရအကျိုးစီးပွားအတွက် မောင်းသွင်းခံခဲ့ရသော မြန်မာလယ်သမားတို့သည် ဥရောပဈေးကွက်ထံမှ မြန်မာ့ဆန် ဆုတ်ခွာလာရချိန်တွင် လယ်သမားများသာမက လယ်သမားများ၏ အထက်ကပ်လျက် လူတန်းစားအလွှာဖြစ်သော မြန်မာစပါးပွဲစားများလည်း အလုပ်များပါးရှားလာပါသည်။ ၎င်းတို့ကို မှီခိုနေရသော မိသားစုများလည်း စီးပွားပျက်ကြပါသည်။ ၁၉၂၁တွင် ပွဲစားဦးရေ ၃၉၀၀၀ ခန့်ရှိခဲ့ရာမှ ၁၉၃၁ ရောက်သောအခါ ဆန်ဈေးကွက်ထဲတွင် မြန်မာပွဲစား ၃၀၀၀၀ လောက်သာ ကျန်ခဲ့လျက် ဈေးကွက်ကို နိုင်ငံခြားသားများက ပို၍လက်ဝါးကြီးအုပ်လာနိုင်ပါသည်။ အဆိုပါဖြစ်စဉ်ကိုကြည့်ရင် ၁၉၂၀ နောက်ပိုင်းတွင် ပို၍အားကြီးသော ကုန်သည်ပွဲစားများကသာ ဈေးကွက်ထဲတွင်ကျန်ခဲ့ပြီး အားကြီးသူအနိုင်ယူစတမ်း အခြေအနေကအထက်ဘက်သို့သာ ဓနကိုစုပုံစေသောစနစ်ကို Capital accumulation ကို ဖန်တီးခဲ့ပါသည်။ မြန်မာတို့အဖို့မှာ ပြည်တွင်းဈေးကွက်ထဲမှာပင် နေရာပျောက်သွားကြရာ ပြည်ပရှိ နိုင်ငံတကာကုန်သွယ်ရေးကို မြန်မာကုန်သည်များ ပို၍ပင် လက်လှမ်းမမီကြပါ။ မြန်မာနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ထားကြသူများထဲတွင် ဥရောပ၊ အမေရိကားနှင့် အာဖရိကဈေးကွက်များ၌ ဥရောပကုန်သည်များကကြီးစိုးပြီး အိန္ဒိယ၊ သီရိလင်္ကာနှင့်

အင်ဒိုနီးရှားသို့ပို့သော ကုန်စည်ဈေးကွက်များကို အိန္ဒိယကုန်သည်တွေက နေရာယူထားပါသည်။ ထိုအချိန်တွင် တရုတ်၊ ဂျပန်နှင့် မလေးရှားဈေးကွက်များမှာ တရုတ်ကုန်သည်များလက်ထဲတွင်ရှိပါသည်။

တစ်ဖက်တွင် စီးပွားပျက်လာသော လယ်ယာမှ ကူလီများ၊ လုပ်သားများသည် ဆန်စပါးနှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများတွင်လည်း အလုပ်မရကြဘဲ မြန်မာများသည် ၁၉၂၀ လောက်အထိ စက်ရုံအလုပ်ရုံလုပ်ငန်းများ၏ အလုပ်ကြမ်းနေရာ ၂၃ ရာခိုင်နှုန်းလောက်တွင်သာ ဝင်ရောက်လုပ်ကိုင်နိုင်ကြပါသည်။ တောင်သူလယ်သမားအရေးတော်ပုံကို ဆွပေးလိုက်သော စနက်တံကမူ စီးပွားရေးပျက်ကပ်မတိုင်ခင်ကတည်းက တတိတိကျနေခဲ့သော ဆန်ဈေးဖြစ်သည်။ ကမ္ဘာ့ဆန်ဈေးသည် ပထမတွင် ယာယီဈေးကျသည်ဟုထင်ခဲ့ကြရာမှ နှစ်များစွာကြာလာခဲ့ခြင်းက လယ်သမားများမလုပ်နိုင်သော ဆင်းရဲခြင်းကို ဖန်တီးခဲ့သည်။ ပြင်ပကိုမှီခိုရသော ကုန်စည်တစ်ခုတည်းကို အားကိုးခဲ့ရသည့် အကျိုးဆက်ပင်ဖြစ်သည်။ ဆန်ဈေးဆက်တိုက်ကျလာသောအခါ လယ်လုပ်သူက လယ်မပိုင်နိုင်တော့သော ပမာဏက အလွန်ကြီးမားလာသည်။ လယ်မလုပ်ဘဲ လယ်ပိုင်သောပမာဏမှာ ၁၉၂၉-၃၀ တွင် ၃၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၃၄-၃၅ အရောက်တွင် ၅၀ ရာခိုင်နှုန်း ရှိလာခဲ့သည်။

ထိုအကြောင်းများကြောင့်ပင် လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အကျယ်တဝင့်ရေးသားခဲ့သော သခင်ဗစိန်၏ ကျွန်တကာ့ကျွန်ခေါ် လယ်သမားအရေးဟူသောစာအုပ်တွင် မြန်မာတောင်သူတို့၏ အခြေအနေကို ဤသို့ဖော်ပြခဲ့သည်။

"မြန်မာပြည်သည် သာလာယံဇရပ်ကြီးသဖွယ်ဖြစ်ပြီး နိုင်ငံခြားနေရှင်တို့၏ ကျက်စားရာ၊ သွေးစုပ်ရာ၊ ကုန်ချောရောင်းရာ၊ ကုန်စိမ်းဝယ်ရာ၊ ဈေးကြီးသဖွယ်ဖြစ်ရ၏။"ဟုဆိုသည်။

ယခုအခါ ပြန်စဉ်းစားရကြမည်မှာ ထိုစဉ်က ပညာတတ်တို့ အပြင်းအထန်ဝေဖန်ခဲ့ကြသော အထိန်းအကွပ်မရှိ လည်ပတ်ခွင့်ရသော ဓနရှင်စနစ်ကြီးသည် ၂၁ ရာစုတွင် ကျကျနနပြန်လည်ဝင်ရောက်လာပြီးနောက် မြန်မာတို့ကား နင်းပြားက နင်းပြားသာဖြစ်လျက် မြန်မာပြည်သည် ကုန်စိမ်းဝယ်ရာနေရာထက် မပိုသည့်အဖြစ်မျိုး ဆက်လက်ဖြစ်ပေါ်နေမည်ကိုပင်ဖြစ်သည်။ ထို့ထက်ဆိုးသည်မှာ ကုန်စိမ်းကိုပင် မိမိတို့သဘောအတိုင်း မိမိတို့မထုတ်နိုင်တော့ဘဲ အချုပ်အခြာကို သူတပါးလက်ထည့်လိုက်ရမည့်အရေးဖြစ်သည်။

## လမ်းဟောင်းကို ထပ်ကျော့ခြင်း

၁၉၈၀ အလွန်ကာလများ၌ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံထက်စောပြီး ဗဟိုချုပ်ကိုင်အာဏာရှင်စနစ်မှ လစ်ဘရယ်ဒီမိုကရေစီနှင့် ဓနရှင်စီးပွားရေးဘက်သို့ ပြောင်းလဲလာခဲ့သောနိုင်ငံများရှိပါသည်။ ဓနရှင်စနစ်သည် မြန်မာနိုင်ငံသို့ ဆိုရှယ်လစ်လွန်ကာလများ (၁၉၈၈ နောက်ပိုင်းတွင်) တွင် အားကျစရာစနစ်တစ်ခုအနေနှင့် ပြန်လည်ဝင်ရောက်လာခဲ့သည်။ တွေးပုံခေါ်ပုံအားဖြင့် Market oriented ဆိုသော ဈေးကွက်စီးပွားရေးစနစ်ကဲ့သို့ တွေးမှအမှန်ဟူသော အစွန်းတစ်ဖက် ခေတ်စားလာခဲ့သည်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအောက်တွင် ခါးသီးခဲ့သော နွမ်းပါးမှုများမှာ နိုင်ငံတော်၏အာဏာဖြင့် စိုက်ပျိုးစီးပွားတွင် အတင်းအကျပ် ဝင်ရောက်ထိန်းချုပ်မှုများကြောင့် ဖြစ်ရသည်ဟု တစ်နည်းဆိုနိုင်သည်။ လွန်ခဲ့သော အနှစ်သုံးဆယ်အတွင်းတွင်မူ ပြည်သူပိုင်ဟူသော တံဆိပ်ကပ်ကာ အစိုးရက စီးပွားရေးတွင် စီမံခန့်ခွဲနေသရွေ့ ဈေးကွက်မှာမသွက်လက်နိုင်ဟုလည်း တဖြည်းဖြည်း အသံကျယ်လောင်လာခြင်းကို လည်းကောင်း၊ ဈေးကွက်က အလုံးစုံစီမံလိမ့်မည်- ဈေးကွက်၏စည်းမျဉ်းများကသာ ပြည်သူ့ဘဝကို ပိုမိုကောင်းမွန်စေလိမ့်မည်- အခြားရွေးချယ်စရာမရှိဟု နောက်ထပ်အစွန်းတစ်ဖက်သို့ ရောက်သွားတတ်သော စီမံမှုများအကြောင်း လည်း မကြာခဏ ကြားရတတ်သည်။ တစ်ချိန်တည်းတွင် အစိုးရလက်ဝယ်တွင်ရှိခဲ့ဖူးသော စီးပွားရေး စီမံခန့်ခွဲရေး ကိစ္စများကို ပုဂ္ဂလိကဘက်သို့ ပြောင်းလဲလိုက်လျှင် နိုင်ငံတကာတွင် အောက်ကျနောက်ကျဖြစ်ခြင်းကို ဖြေဖျောက်နိုင်

မည်ဟူသော မျှော်လင့်ချက်က မီဒီယာများပေါ်တွင် တဖြည်းဖြည်း ခပ်စိပ်စိပ်ပေါ်လာချိန်တွင် ထိုကဲ့သို့ အာဏာရှင်တို့ ကိုယ်တိုင်ထောက်ခံခဲ့သော နီယိုလစ်ဘရယ်မူများကို မေးခွန်းထုတ်သည့်အသံများမှာ အခြားနိုင်ငံများထက်ပင် ပို၍ မှေးမှိန်နေခဲ့သည့် သဘောရှိသည်။ အကျိုးဆက်မှာ အင်္ဂလိပ်ခေတ်က အောက်ခြေပြည်သူတို့ ခါးသီးခဲ့သော ဓနရှင်တို့ ၏ ခေါင်းပုံဖြတ်မှုဟုခေါ်ဆိုခဲ့သော စီးပွားရေးလုပ်နည်းလုပ်ဟန်များပါနေသည့် မူဝါဒဆင်တူများဘက်သို့ယိုင်ကာ အရင်းရှင်စနစ်၏ ခြယ်လှယ်မှုကို ခြွင်းချက်မရှိ ထောက်ခံနှစ်လိုလာကြပြန်သည်။

ဤအခြေအနေတွင် စိုက်ပျိုးရေးကဏ္ဍ တောင်သူငယ်များလောကကိုပြုပြင်ရန် အခြားကမ္ဘာအရပ်ရပ်တွင် စဉ်းစား နေသော မူဝါဒများနှင့် မြန်မာနိုင်ငံမှာ ပြောင်းပြန် ပြန်ဖြစ်လာခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် ဥရောပနှင့် အခြားတိုက်ကြီးများသည် လယ်သမားကလေးများ၏ အကျိုးစီးပွားကို ဈေးကွက်စီးပွားရေးအလိုကျ ပြောင်းလဲမှုများ အောက်တွင် အကာအကွယ်ပေးသင့်သလောက် မပေးခဲ့ကြပါ။ ၂၀၀၈-၂၀၀၉ စီးပွားရေးပျက်ကပ်နောက်ပိုင်း စားနပ် ရိက္ခာ အကျပ်အတည်းကြုံလာချိန်တွင် အသေးစားတောင်သူများ၏ ပိုမိုပြောင်မြောက်စွာတုံ့ပြန်နိုင်ပုံကို ဆင်ခြင်မိရာ မှ ထိုလယ်ယာစီးပွားမှုများကိုပြုပြင်ရန် ဆော်ဩမှုများ အသံပိုကျယ်လာပါသည်။ ယခု ကိုဗစ်-၁၉ ကာလတွင်မူ ယခင်ကနှိုးဆော်နေခဲ့သော မလုပ်ဖြစ်သေးသည့် အပြောင်းအလဲများ မြန်မြန်ဆောင်ရွက်ကြပါဟု လယ်ယာအရေး ကျွမ်းကျင်သူ အသိုင်းအဝိုင်းများက တိုက်တွန်းလာကြပါသည်။ အခြားကမ္ဘာအရပ်ရပ်တွင် လွန်ခဲ့သည့် နှစ်လေးဆယ် နှစ်သုံးဆယ်က လျှောက်ခဲ့သည့်လမ်းမှားများကို မြန်မာနိုင်ငံက ထပ်ကျော့ရန် ပြင်ဆင်နေသည့်အနေအထားတွင် ရှိကြောင်း သတိပေးကြသည်များလည်းရှိပါသည်။

ကမ္ဘာကြီးတစ်ခုလုံးသည် လယ်ယာကဏ္ဍတွင် ပြုပြင်ပြောင်းလဲရန်လိုနေပြီကို ထောက်ပြကြသူ ပညာရှင်အများပင် ရှိပါသည်။ ၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော The High Level Panel of Experts (HLPE) of the Commission on World Food Security (CFS) of the Food and Agriculture Organization (FAO) of the United Nations) မှာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ဖွဲ့စည်းထား သော ပညာရှင်များအဖွဲ့ဖြစ်သည်။ သူတို့က ရှေ့ဆက်ရမည့် ကမ္ဘာ၏အနာဂတ်အတွက် ထောက်ခံတောင်းဆိုနေသည် မှာ ယခင်လုပ်ပုံကိုင်ပုံ လမ်းရိုးများထဲမှ ခွဲထွက်ရန်ဖြစ်သည်။ နီယိုလစ်ဘရယ်မူများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးကွက်သည် နောက်ပိုင်းတွင် မကြုံဖူးလောက်အောင် ယိုင်နဲ့နေသောစနစ်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံကမူ ထို ယိုင်နဲ့နေသောစနစ်ထဲသို့ မဝင်ဖူးသေးသဖြင့် စိတ်လှုပ်ရှားကာ အတင်းထိုးဝင်လိုသော အနေအထားမျိုးနှင့်တူပါ သည်။ ထိုစနစ်ထဲသို့ ရောက်ရှိနေသောသူများကပင်လျှင် အချိန်မဆိုင်းမီ အိမ်အပြိုကိုပြန်ပြင်ကြရအောင်ပါဟု အကြီးအကျယ်နှိုးဆော်နေကြချိန်တွင် မြန်မာသည် ထိုအိမ်ပျက်ကြီးထဲသို့တိုးဝင်ရန် ခြေလှမ်းတပြင်ပြင်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နှစ်လေးငါးဆယ် ကမ္ဘာတွင်အရှိန်ရခဲ့သော နီယိုလစ်ဘရယ်တရားသည် နောက်ကျမှ ယုံကြည်သက်ဝင်သူတို့အပေါ် ပို၍ပင်လွှမ်းမိုးဟန်ရှိသည်။

ဝယ်ဒန်ဘယ်လိုကမူ မြန်မာနိုင်ငံသည် ရှေ့လာမည့်အနာဂတ်တွင် ပြည်သူ့မျက်နှာကို မကြည့်တတ်သော ပြည်သူတို့ နှင့် တသားတည်းမဖြစ်သော၊ အမြတ်ရချိန်တွင် ပြည်သူတို့နစ်နာနေစေသော လူတစ်စုဖွံ့ဖြိုးစေခြင်းကို မရွေးချယ် သင့်ဘဲ မျှတသော လူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်ကို မယုတ်လျော့စေသော၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းတို့ကို မပစ်ပယ်သော၊ ဒီမိုကရေစီစံနှုန်းတို့နှင့် ညီညွတ်သော လူ့အဖွဲ့အစည်းကိုအားပေးသော စီးပွားရေးစီမံခန့်ခွဲမှုများသာ ရှိသင့်သည်ဟု အကြံပြုထားသည် (Bello 2018, p.61)။ သို့ရာတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးရေးအေဂျင်စီများက ပေးသော အကြံဉာဏ်များကြားတွင် ထောက်ချောက်လည်းမိနေပုံရသည်ဟု ၎င်းကဆိုခဲ့သေးသည်။ ပြည်သူတို့၏ စားနပ်ရိက္ခာဖူလုံမှု Food security နှင့် စားနပ်ရိက္ခာနှင့်ပတ်သက်ပြီး ကိုယ်ပိုင်ဆုံးဖြတ်စီမံနိုင်မှု Food sovereignty ကို ရေရှည်တွင်စောင့်ရှောက်နိုင်ရန် မြန်မာနိုင်ငံ၏အပြောင်းအလဲကာလများမှာ သတိကြီးရန် အရေးကြီးသည်ဟု ဆိုပါသည်။

ယခုအခါတွင် ကိုဗစ်အလွန် ရှေ့ခရီးတွင် စီးပွားရေးပျက်ကပ်နောက်ဆက်တွဲကဲ့သို့ အခြေအနေမျိုးကို ကမ္ဘာတွင် ထပ်မကြုံအောင် သတိအထပ်ထပ်ပေးနေကြသော ပညာရှင်များတွင် အစောပိုင်းတွင်ပြောခဲ့သော FAO အောက်မှ ပညာရှင်အစုအဖွဲ့များပါပါသည်။ သို့ရာတွင် မြန်မာနိုင်ငံသို့ ထိုအဖွဲ့ကြီးကပေးသော အကြံဉာဏ်ဖြင့် ရေးဆွဲခဲ့သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးမဟာဗျူဟာသည် ဈေးကွက်မှ ကုမ္ပဏီအကြီးစားများ၏အသံကို များစွာကိုယ်စားပြုထားသည်။

## စားနပ်ရိက္ခာအချုပ်အခြာကို လိုအပ်နေသော မြန်မာနိုင်ငံ

လက်ရှိမြန်မာနိုင်ငံ၏အခြေအနေကို သုံးသပ်ကြည့်လျှင်လည်း စားနပ်ရိက္ခာနှင့်ပတ်သက်၍ အချုပ်အခြာနှင့် စီမံပိုင်ခွင့်ကို အရေးတကြီးဆွေးနွေးဖို့ လိုအပ်လာပါသည်။

- မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် စိုက်ပျိုးရေးဖြင့် လုပ်ကိုင်စားသောက်နေကြပြီး နိုင်ငံ GDP၏ ၃ ပုံတစ်ပုံကို စိုက်ပျိုးရေးကဏ္ဍမှ ရရှိနေပါသည်။

- သို့ရာတွင် မြန်မာနိုင်ငံတွင် ကလေးသုံးယောက်တွင် တစ်ယောက်သည် အာဟာရမပြည့်သဖြင့် အသက်အရွယ်ထက် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုက နောက်ကျနေပါသည်။ Stunting လက္ခဏာများကို ခံစားနေရသည်။

- ကလေးမွေးနိုင်သော အသက်အပိုင်းအခြားမှာရှိသည့် မြန်မာအမျိုးသမီးများ၏ ၄၆.၃ ရာခိုင်နှုန်းက သံဓာတ်ချို့တဲ့မှုကြောင့် anemia ဖြစ်သောဒဏ် ခံစားနေရသည်။ (Global Nutrition Report 2020)

- အသက် ၆ လမှ နှစ်နှစ်အထိ ကလေး ၈၀ % နဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီး ၇၀ ရာခိုင်နှုန်းဟာ anemic or Micronutrient deficiencies ခံစားနေရသည်။

- မြန်မာနိုင်ငံတွင်ရှိသော ကျေးလက်လူ့အဖွဲ့အစည်း၏ လူဦးရေတစ်ဝက်ခန့်သည် မြေမပိုင်ကြပါ။ မဲခေါင်ဒေသတွင် မြေယာမဲ့အမြင့်ဆုံးနိုင်ငံ ဖြစ်နေပါသည်။

- လယ်လုပ်သူလယ်မပိုင်သည့် စုစုပေါင်းလူဦးရေမှာ စိုက်ပျိုးရေးလုပ်ကိုင်နေသော အိမ်ထောင်စုများ၏ ၂၃ ရာခိုင်နှုန်းခန့်ရှိပြီး ရေလုပ်သားများတွင်မူ မြေမပိုင်သည့် အချိုးအဆမှာ ၄၇ ရာခိုင်နှုန်းရှိပြီး ထိုသူများသည် အဆင်းရဲဆုံးအုပ်စုများတွင် ပါဝင်ပါသည်။

## အလျင်လိုနေသော ပြုပြင်ပြောင်းလဲခြင်းများ

ကိုဗစ်-၁၉ သည် စားနပ်ရိက္ခာဈေးကွက်ကြီးတစ်ခုလုံးနှင့်ပတ်သက်၍ လူတို့နေထိုင်ပုံ၊ စားသောက်ကုန်များ ထုတ်လုပ်ပုံ၊ စားသုံးပုံများ အချိန်မနှောင်းမီ ပြင်ဆင်ရန် သတိပေးပါသည်။ အထူးသဖြင့် နိုင်ငံတကာအရောင်းအဝယ် ကွင်းဆက်များနှင့် အစားအစာထုတ်လုပ်သော စက်မှုလုပ်ငန်းကြီးများသည် တစ်နေရာတွင် ထွက်ရှိသောကုန်ကို ဝေးလံသော နောက်တစ်နေရာသို့ပို့ကာ ကုန်ချောထုတ်ပြီးမှ မူလနေရာတွင် ပြန်လည်ရောင်းချခြင်းမျိုးကို ဖြစ်ထွန်းစေသည့် နိုင်ငံဖြတ်ကျော် အစားအသောက်လုပ်ငန်းကြီးများ၏ ကြောင်းကျိုးမဆီလျော်သည့် စားနပ်ရိက္ခာကွင်းဆက် လည်ပတ်ပုံများကို ဆန်းစစ်ကြသင့်ပြီဟု သတိပေးကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအစားအသောက် ထုတ်လုပ်ရောင်းဝယ်ရေးကွင်းဆက်များသည် စားသောက်ကုန်လုပ်ငန်းကြီးများ၊ နိုင်ငံတကာကုမ္ပဏီကြီးများက တစ်နိုင်တစ်ပိုင်လယ်သမားတို့နှင့် စားသုံးသူတို့အကြားရှိသော ဆက်ဆံရေးတွင် ၎င်းတို့ကနေရာဝင်ယူလိုက်ပြီး လယ်သမားတို့ကို လုပ်ပိုင်ခွင့်ကို ရေရှည်တွင် ပိုမိုယိုင်နဲ့စေသောကြောင့်ဖြစ်သည်။ လယ်သမားသည် မိမိထွက်ကုန်ကို ကုန်ကြမ်းထုတ်သော

အောက်ခြေ အဆင့်ဖြင့်သာ ကုမ္ပဏီလက်အောက်ခံ ပွဲစားများအား ရောင်းချနိုင်ခြင်း၊ သို့မဟုတ် ကုမ္ပဏီက စိုက်ပျိုးစေလိုသော သီးနှံကိုသာ အခယူ၍ စိုက်ပျိုးပေးရခြင်းအားဖြင့် မိမိတို့ဘဝကို ကုမ္ပဏီများလက်သို့ ဝကွက်အပ်ထားကြရသောစနစ်ဖြစ်သည်။ နိုင်ငံတကာတွင် ထိုကုမ္ပဏီကြီးများ၏လက်တံသည် တဖြည်းဖြည်းရှည်လျားလာရာ လယ်သမားတို့ယခင်ကရခဲ့သော ဈေးကွက်များကိုပင် ဝင်ရောက်နေရာယူလာပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်ကြီး တစ်ခုလုံးကို ကုမ္ပဏီများကအဆင့်ဆင့် ချုပ်ကိုင်ထားကြလေသည်။ ဈေးအသက်သာဆုံး ရရှိသောနေရာတွင် ကုန်ကြမ်းရယူကြပြီး အမြတ်အများဆုံး ရရှိသောနေရာတွင် ကုန်ချောကိုရောင်းချကြသည်ဖြစ်ရာ ရှေးရှေးယခင်က ထက်စာလျှင် ထုတ်လုပ်မှုလမ်းကြောင်းကြီးမှာ ရှည်လျားပါသည်။ လွန်ခဲ့သောဆယ်စုနှစ်များတွင် တစ်နိုင်တစ်ပိုင် လယ်သမားတို့မှာ အခြေအနေမကောင်းလှသည်ကို ဖွံ့ဖြိုးပြီးရော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ တွေ့ရပါသည်။ ထိုစိုက်ပျိုးမွေးမြူရေး လုပ်ငန်းကလေးများမှာ မိမိတို့ကဲ့သို့ သမားရိုးကျမဟုတ်သော နည်းပညာနှင့်စက်ကို နိုင်နင်းသည့် လုပ်ငန်းကြီးများ၊ ကော်ပိုရိတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးများနှင့် မပြိုင်နိုင်ဘဲ ပြိုင်နေရသည့်အနေအထားဖြင့် ရပ်တည်လာရသည်။

ထို့ပြင် ၂၀၀၈-၂၀၀၉ စားနပ်ရိက္ခာအကျပ်အတည်းကာလကပင် ထိုစိုက်ပျိုးထုတ်ကုန် ကွင်းဆက်များသည် အန္တရာယ်များကြောင်း ဆင်ခြင်မိကြသည်။ ကိုဗစ်-၁၉ ကာလသို့ရောက်သောအခါ ဘေးထွက်ဆိုးကျိုးများစွာကို လက်တွေ့မြင်လာကြရသည်။ ဥပမာ- မြန်မာနိုင်ငံမှ ဖရဲသီးများသည် အစောပိုင်းတွင် တရုတ်ဈေးကွက်ထဲမှာ ကွင်းဆက်များပြတ်တောက်သွားသည်နှင့် မြန်မာပြည်တွင် အလေအလွင့်ဖြစ်ကြရသည်။ ထို့ပြင် ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ ၂၅ % သည် နယ်လှည့်နေသော ရွှေ့ပြောင်းလုပ်သားများအပေါ်တွင် မှီခိုနေရာ တစ်နေရာတွင် ဈေးကွက်ပျက်သည်နှင့် အလုပ်သမားများအလုပ်ပြုတ်ကာ ၎င်းတို့၏မိသားစုများ ငွေကြေးအကျပ်အတည်း၊ စားဝတ်နေရေးပြဿနာများနှင့် ကြုံကြရသည်။ ဝယ်ဒန်၏အစီရင်ခံစာထဲတွင်မူ ဤသို့ဖော်ပြထားသည်။ "၁၉၈၀ တွင် လူအများစားသုံးနေသော ဆန်၊ ပဲပိစပ်၊ နံ့စားပြောင်းနှင့် ဂျုံများကဲ့သို့ ကယ်လိုရီများထဲတွင် အနည်းဆုံး နိုင်ငံနယ်စပ်တစ်ခုကို ဖြတ်ကျော်လာခဲ့သော ကုန်စည်က ၂၀ ရာခိုင်နှုန်းခန့်ရှိခဲ့သော်လည်း ယခုအခါတွင် ၅၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်သည်။"

ဤအချက်ကပင်လျှင် ပြည်တွင်းစိုက်ပျိုးသောသီးနှံများသည် ကမ္ဘာ့ဈေးကွက်ကို ယခင်ကထက် အားပြုမှီခိုလာရခြင်း၊ ယခင်ကထက် အပွတ်အတိုက်ခံရရန် နီးစပ်ခြင်းကိုပြသနေသည်။ ထို့ပြင် တစ်နိုင်တစ်ပိုင် တောင်သူများနေရာတွင် ခေတ်ပေါ် ရိက္ခာထုတ်လုပ်ရေး ကွင်းဆက်ကြီးက သူတို့နေရာကိုတိုးဝင်လာပြီး ထိုကွင်းဆက်ကြီးကို ကြီးမားသော စားသောက်ကုန်လုပ်ငန်းကြီးများနှင့် စူပါမားကက်များ၊ အရင်းအနှီးပိုရှိသော၊ လုပ်သားများ လိုအပ်ချက်ပိုနည်းပြီး စက်ကိုသုံးနိုင်သောစနစ်များက ဝင်ရောက်လာကြလျှင် ထိုလယ်ယာကိုမှီခိုနေရသော မြေယာမဲ့ကူလီများ၊ လုပ်သားများသည် အလုပ်ရရှိရန် အခွင့်အရေးနည်းသွားပြီး မိမိဌာနေမဟုတ်သောအရပ်များသို့ မိသားစုနှင့်ခွဲ၍သော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း ရွှေ့ပြောင်းလုပ်သားအဖြစ် ပို၍မရေရာသောဘဝအခြေသို့ ဆိုက်ကြသည်။ တစ်ဖန်နောက်ဆက်တွဲအနေဖြင့် ကျူးကျော်များ ပြွတ်သိပ်နေသော၊ စည်ပင်သာယာက ကောင်းစွာမစီမံနိုင်သော မြို့ပြဆင်ခြေဖုံးများပေါ်ပေါက်လာကြသလို ထိုရွှေ့ပြောင်းသူတို့လုပ်ကိုင်ရသော အလုပ်များမှာလည်း အတည်တကျမဟုတ်ခြင်း၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုမရှိခြင်း၊ နေရေးထိုင်ရေးအဆင်မပြေခြင်းတို့နှင့် ပွမ်းတီးလျက်ရှိသည်ကို ဥရောပအပါအဝင် အခြားတိုက်ကြီးများတွင်လည်း ဖြစ်ပျက်နေပါသည်။ မြန်မာနိုင်ငံမှာလည်း အကြောင်းကြောင်းကြောင့် မြေယာကိုလက်လွှတ်ခဲ့ကြသူများသည် ဇာတိကိုခွာကာ ပြည်တွင်းမြို့ကြီးများ၊ တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်နှင့် မလေးရှားတို့သို့ ရေကြည်ရာ မြက်နုရာမသေချာသော်လည်း ထွက်ခွာသွားရပုံများတွင် တွေ့မြင်နိုင်ပါသည်။

Value chain ဆိုသော တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက်ထဲသို့ ဝင်ရောက်ရေးအတွက် အဆင့်မီရန် ဒေသစိုက်ပျိုးရေး

ကုန်စည်များကိုတင်းကျပ်သော အရည်အသွေးစစ်ဆေးမှုပြုလုပ်လေ့ရှိရာ ထိုတန်းဝင်စံချိန်စံညွှန်းများကို မီနိုင်သူများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံမှ အီလစ်စီးပွားရေးသမားများသာ ဖြစ်နေကြလေ့ရှိရာ တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ကိုင်သူများမှာမူ အလိုလိုပင် ဈေးကွက်ပျောက်ရလေ့ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများစွာတွင်မူ အချို့သောရင်းနှီးမြှုပ်နှံမှုများကား ရပ်ပျက်ဆင်းပျက် အယောင်ဆောင်ထားသော မြေယာလုယူမှုများအသွင်ဖြင့် ဝင်ရောက်လာကြပါသည်။ စိုက်ပျိုးရေးကဏ္ဍ ခေတ်ပြောင်းတော်လှန်ရေးဟူသော ခေါင်းစဉ်အောက်တွင် တစ်နိုင်တစ်ပိုင် လယ်သမားတို့မှာ အောက်မှအထက်တက်သော ပိရမစ်ပုံစံဖြင့် ရိက္ခာကွင်းဆက်ကြီးတွင် အရွယ်ကြီးမားအရင်းအနှီးများသော စိုက်ပျိုးရေးလုပ်ငန်းကြီးများက ကွင်းဆက်တစ်ခုလုံး၏ကံကြမ္မာကို ဖန်တီးနိုင်သည်။ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ထိုကဲ့သို့သော လုပ်ငန်းကြီးများအတွက် ရင်းနှီးမြှုပ်နှံမှုပိုင်ဆိုင်ခွင့် ၁၀၀% လည်း အပြည့်ပေးထားပါသည်။ ကွင်းဆက်၏ အနိမ့်ဆုံးအလွှာမှ ကုန်ထုတ်လုပ်သူ တောင်သူလယ်သမားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ ၎င်းတို့ထက်တစ်ဆင့်မြင့်သော နောက်တစ်လွှာတွင် လည်ပတ်ကြသော ကုမ္ပဏီများ၊ ပွဲစားများ၏ ဈေးဆစ်သလိုခံရသည့် အခြေအနေသို့ ရောက်ရှိကြရသည်။ အမြတ်ကိုဦးစားပေးသောစနစ်တွင် အနာခံစရာရှိလျှင် အောက်လူကိုသာ အနာခံစေသောစနစ်ဖြစ်သည်။ အမှန်စင်စစ် မြန်မာနိုင်ငံသည် သမိုင်းတွင် ထိုအဖြစ်အပျက်မျိုးနှင့် မစိမ်းခဲ့ပါကြောင်း ကိုလိုနီခေတ်နမူနာများတွင် သိခဲ့ပြီးပါပြီ။

## မြန်မာ့ စားနပ်ရိက္ခာအချုပ်အခြာ အနာဂတ်

မြန်မာနိုင်ငံသည် ကိုဗစ်ကာလအတွင်း ပြည်သူတို့ရိက္ခာဖူလုံစေရန်အလို့ငှာ စားနပ်ရိက္ခာဖူလုံရေး စီမံကိန်းအကြီးစားတစ်ခုကို ရေးဆွဲနေပါသည်။ ယခုစီမံကိန်းမတိုင်မီကပင် မြန်မာနိုင်ငံတွင် အသစ်ရေးဆွဲထားသော လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှု မဟာဗျူဟာ၊ ဆန်အိုးကြီးမှသည် စားဖွယ်စုံခြင်းတောင်းဆီသို့ မူဝါဒစာတမ်း၊ မျိုးစေ့မူဝါဒနှင့် မျိုးစေ့လမ်းပြမြေပုံအစရှိသဖြင့် မူဝါဒရေးရာလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဥပဒေများကို ရေးဆွဲခဲ့ကြပါသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံတွင် နိုင်ငံခြားအဖွဲ့အစည်းများစွာ၏ အကြံညာဏ်များဖြင့် ရေးဆွဲခဲ့သော **ထိုစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးလမ်းစဉ်များသည် ဈေးကွက်မှကုမ္ပဏီအကြီးစားများ၏အသံကို အများဆုံးကိုယ်စားပြုနေပြီး တောင်သူကလေးများ၏အကျိုးကို မကာကွယ်နိုင်သည့်အချက်ပေါင်းများစွာ ပါဝင်နေသည်။** နိုင်ငံခြားသားကုမ္ပဏီများနှင့် ၎င်းတို့၏သုတေသနရုံပုံငွေများကို ကိုယ်စားပြုသောအဖွဲ့အစည်းများ၏အကြံများ ပါဝင်ရေးဆွဲထားသော မျိုးစေ့မူဝါဒနှင့် အပင်မျိုးသစ်မူဝါဒအပါအဝင် ဥပဒေနှင့်လမ်းညွှန်ချက်များတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏အနေအထားနှင့် ပိုမိုသင့်တော်ပြီး **မြန်မာနိုင်ငံကဲ့သို့ လယ်ယာကို လူဦးရေ ၇၀ ရာခိုင်နှုန်းက မှီခိုနေရသော အနေအထားတွင်ရှိသည့် နိုင်ငံမျိုးနှင့်မကိုက်ညီသည့် စည်းစားချက်များစွာ ပါဝင်နေပါသည်။** အထူးသဖြင့် လက်ရှိမျိုးစေ့ကို လွတ်လပ်စွာ ရောင်းဝယ်နေကြသော တောင်သူတို့ကိုယ်တိုင် စုဆောင်း၊ ဖလှယ်၊ စိုက်ပျိုး၊ ရောင်းချနိုင်သည့်စနစ်ကို တစစ ဖျက်သိမ်းပြီး ထိုရောင်းချခွင့်ကို ကုမ္ပဏီများ၏လက်ဝယ်သို့သာ လွှဲအပ်မည့်အစီအစဉ်များမှာ ၁၉၇၀-၁၉၈၀ ကာလများတွင် ဥရောပ၌စတင်ခဲ့သော လမ်းစဉ်မျိုးနှင့် များစွာဆင်တူပြီး လုပ်ငန်းအကြီးစားများ၏ဈေးကွက်ကို ချဲ့ထွင်ရန် ပို၍**အာရုံစိုက်သောမူဝါဒများ** ဖြစ်နေကြပါသည်။ မြေပြင်တွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သော မျိုးစေ့မူဝါဒမှာ ကုမ္ပဏီများမှရောင်းချသည့် မျိုးစေ့ကသာ မျိုးသန့်အဖြစ် မှတ်ပုံတင်ထားသည့်မျိုးစေ့ဟု ရပ်တည်နိုင်မည့် အခြေအနေမျိုးဖြစ်သည်။ လိုင်စင်ရထားသောဓာတ်ခွဲခန်းက အသိအမှတ်ပြုမှသာ မျိုးသန့်မျိုးစေ့စာရင်းဝင်နိုင်ပြီး တောင်သူများ၏ မျိုးစေ့ကိုကား အဆင့်မမီသည့်သဖွယ် ယူဆထားသောကြောင့်ဖြစ်သည်။ နှစ်ပေါင်းထောင်သောင်းချီပြီး တည်တံ့လာခဲ့သော တောင်သူတို့၏ မျိုးစေ့ထိန်းသိမ်းနည်းများကို စူးစမ်းထားသောသုတေသနများ လုံလောက်စွာမရှိသေးပါဘဲ တောင်သူတို့ကိုမူ ပညာပေးရမည့်အုပ်စုဟုသာယူဆလျက် **တိုင်ပင်ဆောင်ရွက်ခဲ့ခြင်းမရှိပါ။** ကုမ္ပဏီများ၏ ဦးဆောင်မှုပါဝင်ခဲ့သော **ထိုမူဝါဒရေးရာစားပွဲဝိုင်းများတွင် တောင်သူကပူးပေါင်းရန် အခြေအနေကို မဖန်တီးပေးသည့်မှုများသာ ထွက်လာခဲ့သည်မှာ မထူးဆန်းပေ။**

**မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍလမ်းပြမြေပုံအရ** "In this respect, the policy aims to support the gradual shift

from informal to formal seed production for important food security crops." တောင်သူများကိုယ်တိုင်စီမံနေသော မျိုးစေ့စနစ်နှင့်ပတ်သက်ပြီး ရည်မှန်းထားသည်မှာ ပုဂ္ဂလိကဏ္ဍ မျိုးစေ့လုပ်ငန်းတွင် ကြီးထွားလာစေရေးဖြစ်ပြီး အစိုးရက တောင်သူကိုပေးနေသော ပြည်သူ့ဝန်ဆောင်မှုများ တဖြည်းဖြည်းနောက်ဆုတ်သွားရေးဖြစ်သည်။ အမှန်စင်စစ် ကုမ္ပဏီများကရောင်းသော မျိုးစေ့မှာ စုစုပေါင်း စိုက်ဧရိယာ၏ ငါးရာခိုင်နှုန်းကိုသာကာမိပြီး တောင်သူများမူလကတည်းကပင် စိုက်ပျိုးခဲ့သောမျိုးစေ့မှာ စုစုပေါင်းမျိုးစေ့များ၏ ၉၅ ရာခိုင်နှုန်းရှိကြောင်း ညွှန်ပြနေသည်။ မျိုးစေ့ကဏ္ဍတွင် ဆောင်ရွက်ခဲ့ကြသော နိုင်ငံခြားသားကုမ္ပဏီများ၏အကျိုး သို့မဟုတ် ဘတ်ဂျက်ပါဝင်နေသော သုတေသနအများစုတွင် မြန်မာလယ်သမားများက မိမိတို့စုဆောင်းမျိုးစေ့ကိုသာ စွဲမြဲစွာသုံးနေကြသည့် ပမာဏ အဘယ့်ကြောင့် များပြားနေရသနည်းဟု စုံစမ်းမည့်အစား ကုမ္ပဏီကဖြန့်သော မျိုးသန့်ဈေးကွက်မှာ မည်သည့်အတွက်ကြောင့် အားနည်းနေရသနည်းဟူသော ရှုထောင့်မှ စူးစမ်းခဲ့ကြသည်က ပိုများပါသည်။ **လေ့လာချက်များစွာက မြန်မာနိုင်ငံ၏** ပုဂ္ဂလိက **မျိုးစေ့ဈေးကွက် ချဲ့ထွင်ရေးဘက်မှ အဖြေရှာလိုကြပါသည်။** လုပ်ငန်းရှင်များ မျိုးစေ့ကဏ္ဍတွင် အားတက်သရော ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် အစိုးရဘက်ကလည်း မပြတ်တိုက်တွန်းနေပြီး ပုဂ္ဂလိကစွမ်းအားဖြင့် လယ်ယာကဏ္ဍကို ပြောင်းလဲမည်ဟု အကြိမ်ကြိမ် ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကပင် အစိုးရ၏ငွေကြေးနှင့်နည်းပညာ အထောက်အပံ့ ထိထိရောက်ရောက် မရခဲ့သည့်အပြင် စနစ်၏နှိပ်စက်မှုကိုခံခဲ့ရသော အများအားဖြင့် ချို့တဲ့သည့် လယ်သမားများ၏ဘဝ မတိုးတက်သည်မှာ မျိုးစေ့တစ်ခုတည်းကြောင့်ဟု ကောက်ချက်မြန်မြန်မချဘဲ တောင်သူလယ်သမားဘက်က လိုအပ်ချက်ကို ဘက်စုံထောင့်စုံမှ လွတ်လွတ်လပ်လပ် သုံးသပ်ကြရန်လိုပါသည်။ မျိုးစေ့ရောင်းပြီးလျှင် မြေဩဇာနှင့်ပိုးသတ်ဆေးဈေးကွက်ကိုပါဆက်လက်ချဲ့ထွင်နိုင်သောကြောင့် မျိုးစေ့လောက အပြောင်းအလဲကို **ကုမ္ပဏီများအလွန်စိတ်ဝင်စားကာ** ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်ကို အခြားအာရှနိုင်ငံများတွင် သာဓကများစွာ တွေ့မြင်ခဲ့ရပြီးပါပြီ။ အချိန်နှင့်အမျှ ရာသီဥတုပြောင်းလဲလာသော အခြေအနေဆိုးကြီးတွင် မြန်မာတို့အဖို့ကား လက်ရှိဒေသနှင့်လျော်ညီသော မျိုးစေ့အများအပြားကို ထိန်းထားနိုင်လေလေ အားသာလေလေဖြစ်ပါသည်။ အထွက်တိုးနှုန်းတစ်ခုတည်းက လယ်သမားတို့၏ဘဝနှင့်မြန်မာနိုင်ငံစီးပွားရေးကို အဆုံးအဖြတ်ပေးမည်မဟုတ်ကြောင်း ကိုဗစ်-၁၉နှင့် လက်ရှိရာသီဥတုအပြောင်းအလဲများက ပြသနေပါသည်။ တောင်သူများပြောင်းလဲလာသော ရာသီဥတုလိုက်လျောညီထွေဖြစ်အောင် စိုက်ပျိုးရမည့်နည်းပညာများရရှိအောင်လုပ်ပေးရန် အစိုးရ၏ဝန်ဆောင်မှု ပို၍ပင် လိုအပ်နိုင်ပါသေးသည်။ ကော်ပိုရိတ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့က အစိုးရ၏ ပုခုံးပေါ်မှ တာဝန်ကို ဝေမျှယူပြီး တောင်သူတို့၏ဘဝကို မြှင့်ပေးမည့် မျိုးစေ့နှင့်ပတ်သက်ပြီး ပညာပေးသည့်အလုပ်များ နိုင်ငံအကျိုးကို မျှော်ရည်ပြီး၊ အချုပ်အခြာကိုထည့်သွင်းစဉ်းစားပြီး စေတနာအလျောက်ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ခြင်းမှာ အခြားနေရာများတွင်ဖြစ်ခဲ့သော နမူနာများအရ လက်တွေ့မကျလှပါ။ ကိုဗစ်ပြန်လည်ထူထောင်ရေး Capital flight ခေါ် အရင်းအနှီးရှိသူက သာသည့်နေရာကူးသွားမှုများ အများဆုံးဖြစ်လာနိုင်သည့်အချိန်မျိုးတွင် မိမိတို့လယ်သမားကို နိုင်ငံတကာကုမ္ပဏီက စောင့်ရှောက်ကာ အခြေမြင့်သွားစေလိမ့်မည်ဟု မမျှော်လင့်နိုင်ပါ။ ဥရောပကဲ့သို့ ဥပဒေစိုးမိုးသောနေရာတွင်ပင် လယ်သမားများနိမ့်ကျပြီး ကျန်ခဲ့သည်သာရှိသည်။

## မြန်မာနိုင်ငံစားနပ်ရိက္ခာအချုပ်အခြာနှင့် UPOV 1991

ပိုဆိုးသည်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် UPOV 1991 စာချုပ်သို့ ဝင်ရောက်သည်နှင့် လယ်သမားတွင် သူတစ်ပါးတို့က မှတ်ပုံတင်လိုက်သောမျိုးစေ့ကို ငွေမပေးဘဲ စိုက်နိုင်တော့မည်မဟုတ်ပေ။ နိုင်ငံတစ်ခုသည် WTO အဖွဲ့ဝင်ဖြစ်တိုင်းလည်း **UPOV 1991** ကို လက်မှတ်ထိုးရန်မလိုပါ။ **မလေးရှားသည် ထိုစာချုပ်ကို လက်မှတ်မထိုးထားပါ။** ဖွံ့ဖြိုးပြီးကမ္ဘာအတွက်သာအကျိုးရှိပြီး အပင်မျိုးဗီဇနှင့်ပတ်သက်ပြီး သုတေသနများများမလုပ်နိုင်သေးသည့် မိမိတို့နိုင်ငံအဖို့ မထိုးနိုင်သေးပါဟု မလေးရှားအစိုးရသည် နှစ်ပေါင်း ၃၀ တင်းခံထားခဲ့သည်။ မလေးရှားအရပ်ဘက်လူ့အဖွဲ့အစည်းကလည်း ဤလုပ်ရပ်ကိုထောက်ခံလေသည်။ ထိုင်းနိုင်ငံသည် UPOV သို့ မိမိတို့လယ်သမား

အဖွဲ့အစည်းများက အကြိမ်ကြိမ်ဆန္ဒပြထားကာ မကြည်လင်သဖြင့် မဝင်ရောက်ထားပါ။ နိုင်ငံအတွက်လည်း လက်တွေ့မကျခြင်းက တစ်ပိုင်းဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံကမူ ထိုစာချုပ်သို့ဝင်ရောက်ရန် တောင်းဆိုထားသည်။ ထိုအချက်ကို လယ်သမားများနှင့် လယ်ယာပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် ဆောင်ရွက်နေသော အဖွဲ့အစည်းများစွာက သိရှိနေခြင်းမရှိပါ။ အဖွဲ့အစည်းများ ၂၀၁၆ တွင် ပြဋ္ဌာန်းခဲ့သော အပင်မျိုးသစ်ဥပဒေကို UPOV သို့ ဝင်ရောက်ရန် ပြင်ဆင်သည့်ခြေလှမ်းအဖြစ် ၂၀၁၇ တွင် တစ်ဖန် အသစ်စက်စက်ရေးဆွဲခဲ့ပြီး မိမိတို့ဥပဒေကို UPOV စာချုပ်နှင့် ညီမညီ စစ်ပေးပါဟုတောင်းခံခဲ့သဖြင့် **UPOV အဖွဲ့ကြီးက ပြန်စစ်ပေးခဲ့သည်။** ၂၀၂၀ အထိမူ မြန်မာနိုင်ငံသည် အဆင်းရဲဆုံး LDC နိုင်ငံများတွင် ပါဝင်နေသဖြင့် UPOV 1991 က ဝင်စရာမလိုသေးပါ။ သို့တိုင်အောင် မြန်မာနိုင်ငံက ဝင်ရောက်ခွင့်ကို စဉ်းစားပေးရန် ၂၀၁၉ အောက်တိုဘာတွင် ထပ်မံလျှောက်ထားခဲ့ပါသည်။ မြန်မာနိုင်ငံသည် UPOV-1991 ကို လက်မှတ်ရေးထိုးလိုက်လျှင် ဖြစ်ထွန်းလာမည့် ကောင်းကျိုးဆိုးပြစ်များကို မလေးရှား၊ ထိုင်းစသည့် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပြီး လွတ်လွတ်လပ်လပ်ပြန်လည် ချိန်ဆစစ်ဆေးသင့်ပါသည်။ ဗီယက်နမ်တစ်ခုတည်း ကြည့်ရုံဖြင့် မလုံလောက်ပါ။ အဘယ်ကြောင့်ဆိုသော် UPOV ကိုလိုလားသူတို့က ဗီယက်နမ်ကို Poster Child ရုပ်ပြကြော်ငြာအဖြစ် သုံးကြသောကြောင့်ဖြစ်သည်။

UPOV 1991 ကို တစ်ကမ္ဘာလုံးတွင် နိုင်ငံပေါင်း **၇၆** နိုင်ငံကသာ လက်မှတ်ရေးထိုးထားပြီး အရှေ့တောင်အာရှတွင် လက်ရှိအသင်းဝင်နိုင်ငံများမှာ စိုက်ပျိုးရေးတွင် သုတေသန အင်စတီကျူးရှင်းများ အားကောင်းသော နိုင်ငံများကသာ အသာစီးရစေသောစနစ်ဖြစ်သည်။ သို့ရာတွင် လက်ရှိလယ်သမားတို့၏လက်ထဲမှ မျိုးစေ့များကိုမူ ကာကွယ်နိုင်သည့် အစီအမံများ အားကောင်းစွာရှိမနေသေးသော မြန်မာနိုင်ငံတွင် ဘိုးစဉ်ဘောင်ဆက်ရှင်သန် စိုက်ပျိုးလာခဲ့သော အပင်မျိုးစေ့ကို အားကြီးသောကုမ္ပဏီများကယူခဲ့လျှင် လက်ရှိဥပဒေဘောင်အတွင်းမှ တုံ့ပြန်ရန်ပင် ခက်ခဲပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် အားကောင်းသော တောင်သူလယ်သမားအစည်းအရုံးများမှာ ခေတ်အဆက်ဆက်မပေါ် ပေါက်အောင် ဖိနှိပ်ခံထားရသဖြင့် ကုမ္ပဏီကြီးများနှင့်ယှဉ်ကာ ဉာဏပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်၍ အကျိုးခံစားခွင့် ကို တောင်းခံရန် သို့မဟုတ် ကန့်ကွက်နိုင်ရန် အခြေအနေမှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ ကံကောင်းထောက်မ သည့်အချက်မှာ မြန်မာနိုင်ငံသည် ပြင်ပနှင့်အဆက်ပြတ်သောနှစ်များကြောင့် **အပင်မျိုးစေ့များ အမွေများစွာရှိနေ ပါသေးသည်။** ပထဝီတည်နေရာ အပိုင်းအခြားနှင့် ရာသီဥတုစုံလင်မှုကိုလည်း မြန်မာပြည်၏ကြွယ်ဝမှုကို အားဖြည့် ပေးခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ အပင်မျိုးစေ့များမှာ အလှကုန်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းတို့အတွက် မတူး ဖော်ရသေးသည့် **(Genetic plant resources) ရတနာတွင်းကဲ့သို့** ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ ဒေသခံတို့ မကျွမ်းကျင်သော ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ၏အားနည်းချက်ကို အသုံးချကာ မြန်မာနိုင်ငံသားများ မူလ ရရှိနေသော အခွင့်အရေးများနှင့် မျိုးစေ့အမွေများကို နိုင်ငံတကာ ကော်ပိုရိတ်များ မူလမျိုးစေ့ရင်းမြစ်ရရှိရာနေရာ ကိုပင် ကြေညာရန်မလိုဘဲ ဥပဒေဘောင်အတွင်းမှပင် ယူငင်သွားနိုင်သည့် အခြေအနေများကို ရေပက်မဝင်အောင် ကာကွယ်ဆောင်ရွက်နိုင်မှသာ မြန်မာတို့မျိုးစေ့အချုပ်အခြာကို ထိန်းနိုင်ပါမည်။

## လမ်းသစ်ဆီသို့

သဘာဝသယံဇာတပေးထားချက်များအရ နိုင်ငံအချို့သည်သာ ပြည်ပကိုမမှီခိုဘဲနေနိုင်စွမ်းရှိကြသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၆၀ ခန့်သည် မိမိတို့စားသောက်ကုန်များကို မိမိတို့ဘာသာဖူလုံအောင် ထုတ်လုပ်နိုင်သော အရင်းအမြစ် မရှိကြပေ။ မြန်မာနိုင်ငံမှာ ထိုနိုင်ငံများထဲတွင် မပါဝင်ပါ။ မိမိဘာသာလုံလောက်အောင် ပြည်တွင်းတွင် ထုတ်နိုင်သည့် အရင်းအမြစ်များရှိသည်။

သို့သော်လည်း ပြည်တွင်းစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းကို မကာကွယ်ထားနိုင်ချိန်တွင် ပြည်ပမှတင်သွင်းကုန်ကို မစိစစ် လျှင် လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံအချို့ကဲ့သို့ ပြည်တွင်းစားသုံးမှု ပမာဏအတော်များများကို ကမ္ဘာ့ ဈေးကွက်မှတင်သွင်းနေရသည့်အဖြစ် ဖြစ်လာနိုင်ပါသည်။ မြန်မာပြည်အလယ်ပိုင်း မြေပဲစိုက်ပြီး စားသုံးဆီကို

လက်ရှိ တူရကီမှသွင်းနေသော မြန်မာနိုင်ငံဖြစ်လာနေသည်ကို သတိချပ်သင့်ပါသည်။ မိမိတို့ဒေသ ထုတ်ကုန်ကို အသေးစားထုတ်လုပ်သူများနှင့် လည်ပတ်သော ရေရှည်တည်မြဲမိတည်တံ့သည့် စနစ်မျိုးဆီသို့သွားကြရန်လိုအပ်ပြီး ကျေးလက်ကို အသစ်တဖန်ပြန်မွေးဖွားရန် အကြံပြုကြပါသည်။

သို့မှသာ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြားကမ္ဘာအရပ်ရပ်တွင် ကြုံနေရသော စိုက်ပျိုးစီးပွား အဆောက်အအုံပြိုလဲမှု ပြဿနာကို ရှောင်ရှားနိုင်ပါမည်။ ယခုမျိုးဆက်များကြုံကြရသည့် ကပ်ဘေးနှစ်ခုစလုံး (၂၀၀၈ စီးပွားပျက်ကပ်နှင့် ကိုဗစ်-၁၉)တွင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ဈေးကွက်များအတွင်း ဈေးကွက်အတွင်း ဈေးနှုန်းအတက်အကျ ကြမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းကြီးများသည် ဝင်ငွေချက်ချင်းထိုးကျသွားပြီး ငွေမလည်တော့ခြင်းများဖြစ်လာပါသည်။ လုပ်ငန်းကြီးများဝင်လာလျှင် နိုင်ငံပို၍တိုးတက်လိမ့်မည်ဟူသောအထင်မှာ လက်တွေ့ဖြစ်ပေါ်နေသောအမြင်နှင့် တက်တက်စင်အောင်လွဲနေပါသည်။ ကိုဗစ်ကာလအတွင်း လေ့လာခဲ့သော အစီရင်ခံစာတစ်ခုတွင် Jan Douwe vander Ploeg က အောက်ပါအတိုင်းတင်ပြခဲ့ပါသည်။ ထိုပုဂ္ဂိုလ်မှာ Wageningen တက္ကသိုလ် ကျေးလက်လူမှုဘဝ လေ့လာရေးဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခလည်းဖြစ်သလို ဘေဂျင်းရှိ တရုတ်စိုက်ပျိုးရေးတက္ကသိုလ်- လူမှုဗေဒနှင့် ဖွံ့ဖြိုးရေး ပညာကောလိပ်တွင် တွဲဖက်ပါမောက္ခက ဥရောပအစိုးရများအပါအဝင် နိုင်ငံတကာအစိုးရများကို အကြံပြု ပါသည်။ ၎င်းမှာ ကျေးလက်ဒေသများဆိုင်ရာ ဒတ်ချ်ကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပြီး ဥရောပကော်မရှင်နှင့် အီတလီနိုင်ငံ စိုက်ပျိုးရေးဌာနတို့အတွက် အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

"ကမ္ဘာ့စားသောက်ကုန်လုပ်ငန်းကွန်ရက်ကြီးများသည် အကြီးကအသေးကို ဝါးမျိုလိုက်ခြင်းဖြင့် ချဲ့ထွင်လေ့ရှိကြ သည်။ စီးပွားရေးအတက်နှုန်းကိုပြရန်အတွက် ၎င်းတို့အနေနှင့်လုပ်ငန်းများကို လိုက်ဝယ်လေ့ရှိသည်။ အထူးသဖြင့် ငွေကြေးဈေးကွက်ထဲတွင် ထိုသို့အတက်နှုန်းကို ပြနိုင်ခြင်းက အရေးကြီးသည်။ ဤနည်းဖြင့် ၎င်းတို့၏ရပ်တည်မှုမှာ အစုရှယ်ယာဈေးကွက်ကို ကြီးမားစွာမှီခိုလာရသည်။ ထွက်ပေါ်လာသော ကိန်းဂဏန်းများအရ အစားအသောက် လုပ်ငန်းအင်ပါယာကြီးများမှာ အလွန်အမင်းအကြွေးထူနေကြသည်။ သို့ရာတွင် ငွေကြေးဈေးကွက်ထဲ ဝင်ကစားခြင်း ကြောင့် ရနိုင်သောအကျိုးအမြတ်က ရှိနေပေသည်။ ကုမ္ပဏီအတွင်းပိုင်းတွင်မူ သူတို့သည် ငွေရေးကြေးရေး အဝင် အထွက် လမ်းကြောင်းများစွာကိုဖော်ဆောင်ရပြီး လမ်းကြောင်းတိုင်းမှာ အမြတ်အစွန်းရရှိရန်အတွက် ဖြစ်သည်။ အကယ်၍ အရှုံးရှိလျှင် ထိုငွေကြေးအပေးအယူ လမ်းကြောင်းများကို ချက်ချင်းဖျက်သိမ်းပြီး အမြတ်ရနိုင်သည့်နေရာ များသို့ လမ်းကြောင်းလွှဲရသည်။ ကိုဗစ်-၁၉ ကြောင့်ဖြစ်လာသော အန္တရာယ်များ၏အကျိုးဆက်မှာ ငွေကြေးအစု ရှယ်ယာဈေးကွက်က အစားအသောက် ဈေးကွက်ကွင်းဆက်၏ အစိတ်အပိုင်းများကို ရပ်တန့်ပစ်လိုက်ခြင်းဖြစ်သည်။ စက်ရုံများ၊ သားသတ်ရုံများနှင့် အရောင်းအဝယ်များကို အစားအသောက်ထုတ်လုပ်မှု၊ ထုပ်ပိုးမှုနှင့် ဖြန့်ဖြူးမှုတို့ကို ချုပ်ကိုင်ထားသော ဦးပိုင်များက ငွေထပ်မထုတ်ပေးကြတော့ပါ။ တကယ့်လူအများနှင့် ဆက်စပ်နေသော စီးပွားရေး ထဲမှ အရင်းအနှီးကို ဆွဲထုတ်သွားသောအခါ ထိုအစားအသောက်လုပ်ငန်းများမှာ နာလန်ထနိုင်ရန် အတော်ပင်ခက် ပါသည်။ စားသောက်ကုန် အရောင်းအဝယ်လောကတွင် အရံသိမ်းထားသော အရင်းအနှီးဟူ၍မရှိပါ။ ရုတ်တရက် ဖြစ်လာသော အခက်အခဲကိုဖြေရှင်းရန်လည်း နည်းလမ်းမရှိပါ။ ငွေကြေးဈေးကွက်ထဲသို့ စီးဝင်သွားခဲ့ပြီဖြစ်သော အရင်းအနှီးများသည်လည်း စားသောက်ကုန် စီးပွားရေးထဲသို့ ပြန်လှည့်လာစရာမရှိပါ။ အစားအသောက်လုပ်ငန်း အဆင့်ဆင့်ကို အုပ်မိုးကွပ်ကဲနေသော ဦးပိုင်များ၏လက်ထဲတွင် ငွေကြေးအမြောက်အမြား အင်အားရှိသော်လည်း ထိုငွေများသည် စီးပွားရေးလုပ်ငန်းထဲသို့ ပြန်ထည့်ရန်ထက် ဦးပိုင်၏အစုရှယ်ယာရှင်များသို့ ခွဲပေးရန်သာဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံရေးစီးပွားရေးအရ အကျပ်အတည်းကြုံရန် တည်းတည်းသာလိုသည့် အခြေအနေဖြစ်သည်။ အလုပ် သမားများသည် အလုပ်မလုပ်နိုင်ကြတော့ပေ။"

ဤအခြေအနေမျိုးတွင် စိတ်ဝင်စားစရာကောင်းသည်မှာ လက်လုပ်လက်စားတောင်သူ လယ်သမားများကဲ့သို့ အငယ်စားတောင်သူများသည် ထိုကဲ့သို့ အကျပ်အတည်းကာလမျိုးကို စက်မှုစိုက်ပျိုးရေးလုပ်ငန်းကြီးများလောက်

အခက်မကြုံရဘဲ ပိုမိုအေးဆေးစွာ ဖြတ်သန်းနိုင်ကြသည်ဟုဆိုသည်။ သူတို့သည် ကာလပျက်ကြီးများအားမည်သို့ ကျော်လွှားရမည်ကို ပိုသိနေကြသည်ဟုဆို၏။ သူတို့သည် မိမိကိုယ်ပိုင် အရင်းအနှီးမဟုတ်ဘဲ အကြွေးယူပြီးလည်း လုပ်ငန်းကိုလည်းမချဲ့ထား- လုပ်ငန်းထဲငွေများများ မြှုပ်ထားလိုစိတ်များကို ကြံ့ကြံ့ခံရှောင်ရှားတတ်ကြသဖြင့် သူတို့တွင် ဝန်ထုပ်ဝန်ပိုး ပိုနည်းသည်။ သို့ဖြစ်ရာ အနာဂတ်တွင် တစ်နိုင်တစ်ပိုင်တောင်သူလယ်လုပ်များ၏အကျိုးကို ရည်မျှော်၍ အောက်ပါတို့ကို ဆောင်ရွက်ပါဟု FAO ၏ မူသစ်ထောက်ခံသူ ထိပ်သီးပညာရှင်များအဖွဲ့က တောင်သူလယ်သမားဈေးကွက်ကို အစိုးရကစောင့်ရှောက်ပါ၊ ပြည်သူတို့ကအားပေးပါဟု ဆိုထားပါသည်။ တောင်သူတို့၏ ဈေးကွက်တွင် အရောင်းအဝယ်ကို မောင်းနှင်နေသည်မှာ သင့်တော်သောဝင်ငွေကိုရရှိရေးနှင့် (အမြတ်များများရအောင် အစုရှယ်ယာဈေးကွက်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ငွေရှာရန်မဟုတ်ပေ)နှင့် သင့်တော်သောဈေးနှုန်းနှင့် ကောင်းမွန်သော စားသောက်ကုန်ကို ရောင်းချနိုင်သောနည်းလမ်းကို ရှာကြံရေးဖြစ်သည်။ သို့ဖြစ်ရာ ထိုတောင်သူဈေးကွက်လည်ပတ်နေပုံမှာ စားသုံးသူနှင့်ထုတ်လုပ်သူတို့ကြားတွင် ဘုံအကျိုးစီးပွားကိုမျှော်ရည်ကာ နှစ်ဦးနှစ်ဘက်နားလည်မှုရှိသော ဆက်ဆံရေးပေါ်တွင် တည်ဆောက်ထားသည်။ အပြန်အလှန် အကျိုးပြုကြခြင်းက အခရာဖြစ်သည်။ တောင်သူတို့၏ဈေးကွက်များမှာ တစ်နည်းအားဖြင့် အများဆိုင်စနစ်များဖြစ်ကြသည်။ ထိုရပ်ရွာပိုင် အများဆိုင်စနစ်ပေါ်တွင် တည်ထားသောကြောင့် အရာရာသည် ရောင်းကုန်မဟုတ်ပေ။

အထက်ပါစနစ်နှင့် ကွဲပြားသည့်အချက်မှာ ကော်ပိုရိတ်တို့၏ ထိန်းချုပ်သည့်နည်းလမ်းများတွင် လယ်သမားတို့ထံမှ ထွက်ရှိသော ကုန်ပစ္စည်းများကို စားသုံးသူထံအရောက်ပို့ရာတွင် ကုမ္ပဏီကြီးများက တည်ထောင်ထားသော ကုန်စည်စီးဆင်းမှုပတ်လမ်းများကို မဖြတ်လျှင်မရဟူသောပုံစံမျိုးထဲသို့ တောင်သူများက ဝင်ရောက်ရခြင်းဖြစ်သည်။ ဆိုလိုသည်မှာ တောင်သူလယ်သမား ကုန်ထုတ်လုပ်သူများသည် ကော်ပိုရိတ်များကချမှတ်ထားသော စည်းကမ်းအတိုင်း ရောင်းချနိုင်မှသာလျှင် ရောင်းစရာနေရာ ရှာတွေ့နိုင်မည်ဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်ရာ ကော်ပိုရိတ်ခြယ်လှယ်မှုမှ လွတ်လပ်သည့် အချုပ်အခြာမျိုးရှိအောင် တောင်သူတို့၏ ပစ္စည်းများဈေးကွက်ထဲသို့ ဝင်ရောက်နိုင်ရေးအတွက် အစိုးရအနေဖြင့် အောက်ဖော်ပြပါနည်းများဖြင့် ကူညီရမည်ဟု ဆိုသည်။

- မြို့ပြနှင့်မြို့မရောက် တောမရောက်စိုက်ခင်းများ (အိမ်ဝင်းထရံတွင်း စိုက်ခင်းများ၊ မိသားစုစိုက်ခင်းများ အပါအဝင်)ကို အားပေးရန်။ အီတလီနိုင်ငံ အင်မလီယာရှိ ဒေသစိုက်ပျိုးရေးမူဝါဒတွင် ဥယျာဉ်စိုက်လိုသူတို့ စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီခြင်းများပါဝင်သည်။ ဤနမူနာကို အလေးအနက်စဉ်းစားသင့်ပါသည်။

- တောင်သူကုန်ထုတ်လုပ်ငန်းများကို မြို့ပြစားသုံးသူများနှင့် အချိတ်အဆက်များ ဖြစ်ထွန်းလာအောင် ကူညီပေးရန် (အွန်လိုင်းပေါ်မှာ ကုန်အမှာလွှာပို့နိုင်သောနည်းလမ်းများ တီထွင်ပေးခြင်းစသည်ဖြင့်)

- နေရာအနှံ့ရောက်ရှိနေကြသော ကျေးလက်မှ ရွှေ့ပြောင်းလုပ်သားများကို မြို့ပြ မှသည် ကျေးလက်လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပြောင်းစည်းနိုင်စေရေး ကူညီပေးရန်။

- လယ်သမားသမဂ္ဂ၏ တောင်သူလယ်သမားအခွင့်အရေး ကြေညာစာတမ်းများ တောင်သူလယ်သမားတို့၏ အခွင့်အရေးများကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန်။

- စိုက်ပျိုးရေးကို အပ်ကျမတ်ကျလုပ်ကိုင်လိုသူတို့၏ လက်ထဲတွင် လယ်ယာမြေမရှိသည့်အခက်အခဲကို ဖြေရှင်းရန် လိုအပ်သည့်အခါတိုင်းတွင် လယ်လုပ်သူလယ်ပိုင်စနစ်ဖြင့် မြေယာကို ပြန်လည်ခွဲဝေဖြန့်ဖြူးသင့်သည်။

- အစားအသောက်များကို စိုက်ခင်းမှခူးဆွတ်ပြီး တစ်ဆက်တည်း ထုပ်ပိုးပြင်ဆင်နိုင်သော နည်းလမ်းများ

အထောက်အပံ့များကို လယ်သမားများအတွက် ရှာဖွေပေးသင့်ပါသည်။

- အစိုးရသည် တောင်သူလယ်သမားတို့၏ ဈေးမှကုန်စည်များကို တတ်နိုင်သမျှ အလေးပေးဝယ်ယူခြင်းဖြင့် အားပေးသင့်သည်။ (အနည်းဆုံး ကြိုတင်ကြံရွယ်ထားသော ပစ္စည်းများကို ဝယ်ပေးသင့်သည်)။

- တောင်သူလယ်သမား ဈေးတစ်ခုနှင့်တစ်ခုကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကူညီပေးခြင်းဖြင့် ဈေးတစ်ခုစီ၏ ရောင်းဝယ်နိုင်အားကို မြှင့်ပေးနိုင်သည့် အစီအစဥ်မျိုးချထားရန်။

- စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြည်တွင်းနှင့်နိုင်ငံတကာအဆင့် မူဝါဒရေးရာများတွင် အပြောင်းအလဲများဆောင်ရွက်ရန်နှင့် ဤအဆင့်တွင် စားနပ်ရိက္ခာဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့် Food Sovereignty နှင့် စိုက်ပျိုးရေးဂေဟဗေဒရှုထောင့်များကို အဓိကမူဝါဒအခြေခံများအဖြစ်ထားပြီး သုံးစွဲကြရန်။

- အစိုးရသည် နိုင်ငံတကာ စားနပ်ရိက္ခာကွင်းဆက်များကို လိုက်လျောကာ အလိုကျဆောင်ရွက်နေကြခြင်းကို စွန့်ပြီး မိမိတို့တိုင်းပြည်တွင် ထုတ်လုပ်သော စားနပ်ရိက္ခာကို မိမိတို့နိုင်ငံက စားသုံးနိုင်မှုမြင့်မားလာအောင် ဖောင်းပေးဆောင်ရွက်ရန်။ (ဥပမာ- စားနပ်ရိက္ခာ၏ ၈၀%မှာ ပြည်တွင်းဖြစ်များဖြစ်လာသည်အထိ)

- မိမိဈေးကွက်ကို မိမိတိုင်းပြည်မှ လယ်သမားတို့၏ ထုတ်ကုန်များကသာ များများစားစား စိုးမိုးနိုင်လာစေရန်။ (စားနပ်ရိက္ခာထုတ်လုပ်သူလယ်သမားတို့ လိုအပ်မည့်အခြေအနေနှင့် အစီအမံများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းက လက်ရှိချဲ့ထွင်လည်ပတ်နေသော မရိုးရှင်းလှသည့် ရောင်းဝယ်ထုတ်လုပ်မှု ကွင်းဆက်များကြောင့် ဖြစ်ပေါ်နေရသော ပြဿနာများကို ထိုအချက်များက ကူညီဖြေရှင်းနိုင်ပါသည်။

- ကမ္ဘာပတ်နေသော နိုင်ငံတကာ စားသောက်ကုန်လုပ်ငန်းကွင်းဆက်ကြီးများကို အစိတ်အပိုင်းများအဖြစ် ပိုင်းပစ်ပြီး ပိုမိုသေးငယ်သောလမ်းကြောင်းအနေနှင့် နိုင်ငံအချို့နှင့်သာ ချိတ်ဆက်ထားသည့်ပုံစံမျိုးကို အားပေးရန်။

- အောက်ခြေကုန်ကြမ်းထုတ်လုပ်သော တောင်သူလယ်သမားများသည် အကြွေးနွံအတော်နက်နက်ထဲတွင် နစ်နေတတ်ကြသည်ဖြစ်ရာ ထိုကြွေးများကိုလျှော်ပစ်ပေးရန် (ဥပမာ- အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာနှင့် အမေရိကန်ပြည်ထောင်စုတွေ ထိုသို့ဆောင်ရွက်ပေးနေခဲ့ပါသည်။)

- တောင်သူလယ်သမားတို့၏ စိုက်ခင်းများအဆင်ပြေစေရန် လိုအပ်သောအကူအညီများနှင့် ဖြေလျှော့ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ အရင်းအနှီးတိုးပွားစေရန်။

- လက်ရှိစိုက်ပျိုးရေးပညာကျောင်းများကို ပံ့ပိုးခြင်း၊ အသစ်ဖွင့်လှစ်ခြင်းများပြုလုပ်ပြီး စိုက်ပျိုးရေးဂေဟဗေဒကို သင်ယူနိုင်သည့် ပညာရေးကို လမ်းဖွင့်ပေးရန်။

- စိုက်ပျိုးရေးဂေဟဗေဒကို စိုက်ပျိုးရေးတက္ကသိုလ်များ၏ သင်ရိုးထဲတွင် စနစ်တကျထည့်သွင်း သင်ကြားရန်။

- ကမ္ဘာကြီးပိုမိုပူနွေးလာခြင်းနှင့် ရာသီဥတုအပြောင်းအလဲများကို လျှော့ချနိုင်ရန် စိုက်ပျိုးရေးကဏ္ဍအတွက် ရာသီဥတုပြောင်းလဲရေးမူဝါဒများကို ဒီဇိုင်းရေးဆွဲခြင်း၊ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ရန်။

အစရှိသည့်နည်းလမ်းများကို အမြင့်ဆုံးဦးစားပေးအဖြစ် ဆောင်ရွက်ရန် FAO ထိပ်တန်းပညာရှင်များက အကြံပြု ထားပါသည်။

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုများစတင်ချိန်တွင် အစိုးရပိုင်းမှ စိတ်ထက်သန်ခဲ့ကြသကဲ့သို့ အစိုးရနှင့်နီးစပ်သော အကြံပေးများကလည်းကောင်း အစိုးရနှင့် ငွေအားနှင့်နည်းပညာအားဖြင့် ကူညီပံ့ပိုးခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်း များကလည်းကောင်း၊ ထိုစနစ်ထဲမှရရှိလာနိုင်မည့် စီးပွားရေးအကျိုးအမြတ်များကို အကွက်မြင်သော ပုဂ္ဂလိကကဏ္ဍ ပိုင်းမှလည်းကောင်း နီယိုလစ်ဘရယ်လမ်းကြောင်းပေါ်သို့ ဝိုင်းဝန်းဆွဲတင်ခဲ့ကြရာ ယခုဆိုလျှင် အချို့နေရာများတွင် လက်ရှိ ကိုဗစ်ကာလအတွင်း ပညာရှင်များ ကမ္ဘာကိုအကြံပေးထားသည်နှင့် ဆန့်ကျင်ဖက်အစီအစဉ်များ အတော်ပင် ခရီးပေါက်လာခဲ့ပါပြီ။

## နိဂုံး

၁၉၇၀ ကျော်ကာလများမှ စတင်ခေတ်စားလာခဲ့သော ထိုမူများသည် နိုင်ငံတကာတွင် ကော်ပိုရိတ်ပါဝါကိုသာ တိုးမြင့် ကြီးထွားစေလျက် လူများစုကြီးဖြစ်သော တောင်သူလယ်သမားကလေးများကို နစ်နာစေလျက်ရှိသောကြောင့် ပြန်လည် ဆင်ခြင်နေကြသည့်အချိန်သို့ ရောက်ရှိလာခဲ့ပါပြီ။ အထူးသဖြင့် ကိုဗစ်ကာလတွင် မူသစ်ဘောင်သစ်များဖြင့် လျှောက်လှမ်း ရန် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် အရှည်ကိုမျှော်ရည်ကာ စဉ်းစားနေကြပြီဖြစ်သည်။ အထူးသဖြင့် ရာသီဉတုပြောင်းလဲ သည့်အရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအကြီးစားများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာသည့်အရေးမှာ ဆက်လက်လျစ်လျူရှုထား၍ မရလောက်အောင် ပြင်းထန်သောသက်ရောက်မှုများ ဖြစ်လာသည့်အပြင် စိုက်ပျိုးရေး ကုမ္ပဏီအကြီးစားများ၊ ကော်ပိုရိတ်များသည် စိုက်ပျိုးရေးလောကမှ ငွေနှင့်အစုရှယ်ယာ ငွေကြေးဈေးကွက်များထဲသို့ ငွေကြေးဈေးကစားမှုများဖြင့် ရှယ်ယာတန်ဖိုးပိုပွားစေလျက် ဓနကိုအထက်ဘက်သို့သာ ဆန်တက်စေခြင်းမှာ ရေရှည် တွင် ပြဿနာဖြစ်စေကြောင်း တွေ့ရှိလာကြသည်။ ကိုဗစ်-၁၉ ကဲ့သို့ အရေးအကြောင်းကြုံ၍ စိုက်ပျိုးရေးကဏ္ဍ အခက်ကြုံချိန်တွင်မူ ငွေများကို အခြားအမြတ်ရမည့်လုပ်ငန်းထဲသို့ ထုတ်သွားတတ်ကြပုံကိုလည်း ပညာရှင်များက ဝေဖန်ထောက်ပြခဲ့ကြရာ ယခုအခါ ဥရောပနိုင်ငံကြီးများတွင် ထိုလုပ်ငန်းများကို ဥရောပသမဂ္ဂက အထောက်အပံ့ မပေးရန် ကန့်ကွက်မှုများရှိနေပါသည်။ ၎င်းတို့သည့် အမြတ်ကိုသာဦးစားပေးရာ မိမိတို့နှင့်ဆက်စပ်နေသည့် လယ်သမား များကိုရော စိုက်ပျိုးရေးဈေးကွက်၏ တည်ငြိမ်မှုကိုပါ မငဲ့ကွက်ကြောင်း မြင်သိလာကြ၍လည်းဖြစ်ပါသည်။ ထိုသို့ နိုင်ငံတကာတွင် လာမည့် နှစ် ၃၀-၄၀ကို ရည်မျှော်လျက် နောက်ပြန်ဆုတ်စပြုနေပြီး မူဟောင်းလမ်းဟောင်းများကို ပြုပြင်ရန် ဆွေးနွေးနေကြစဉ် ကိုဗစ်-၁၉ က ရုတ်ချည်းဝင်ရောက်လာရာ ထိုဆွေးနွေးပွဲများမှာ ပို၍ပင်လေးနက်လာ ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးရေး (မွေးမြူရေးအပါအဝင်) လုပ်ငန်းကဏ္ဍကြီးတစ်ခုလုံးသည် ကိုဗစ်-၁၉ က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကြီးအကျယ်နစ်နာစေသည်ဆိုလျှင် ကိုဗစ်-၁၉ ကြောင့် ဖြစ်လာသော ပြဿနာများသည် စနက်တံသာသာဖြစ်၍ မူလကပင် ယမ်းပုံကြီးမှာ စုပြီးသားရှိနေခဲ့ပြီးဖြစ်သည်ဟု ဖွံ့ဖြိုးရေး ပညာရှင်အများက ပြောဆိုကြပါသည်။

မြန်မာနိုင်ငံသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး ဆက်လျှောက်ရန် အရှိန်တင်နေစဉ်တွင် ကိုဗစ်ကာလအတွင်း အသစ်ပေါ်ထွက်လာသော သုံးသပ်ချက်များနှင့် နှိုင်းဆဆောင်ရွက်ကြရန် လိုမည်ထင်ပါသည်။ အထူးသဖြင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ခဲ့သော၂၀၁၁ မှအစပြုလျှင် လွန်ခဲ့သောဆယ်နှစ်အတွင်း ပညာရေး၊ ကျန်းမာရေးအစရှိသော ကဏ္ဍများထက်စာလျှင် စိုက်ပျိုးရေးကဏ္ဍတွင် နီယိုလစ်ဘရယ်ယန္တရားများ စနစ်တကျ အစီအစဉ်ရှိရှိ ဝင်ရောက်လာခြင်းကို စေ့စေ့ကြည့်လျှင် ရှင်းလင်းစွာမြင်နိုင်ပါသည်။ ယခုလေ့လာချက်တွင် တွေ့ရှိရ သည်မှာ ခရိနီအရင်းရှင်စနစ်လည်း အမြစ်မပြုတ်သေး၊ နီယိုလစ်ဘရယ် ယိမ်းဘက်သို့လည်း ကကွက်ပြောင်းလာ ခဲ့သော မြန်မာ့စိုက်ပျိုးစီးပွားမှုများထဲမှ အသစ်ဖြစ်လာသော အပြောင်းအလဲအချို့မှာ မြန်မာနိုင်ငံမှ လယ်သမားကလေး များနှင့် လယ်ယာမြေကိုအမှီပြုပြီး လုပ်ကိုင်စားသောက်ရသူ အလုပ်သမားများအကျိုး တိုးပွားနိုင်ရန် ခက်ခဲစေလိမ့်

မည်ဟူ၍ဖြစ်သည်။ လယ်သမားကလေးများအများဆုံးရှိသော နိုင်ငံတွင် ထိုသူတို့၏အကျိုးနှင့် ရေရှည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် မူများဖြစ်လာစေရန်၊ နိုင်ငံအနေနှင့် စားနပ်ရိက္ခာအချုပ်အခြာကို စောင့်ရှောက်ရန် လိုအပ်ချက်မှာ လယ်ယာစိုက်ခင်းများထဲတွင် တကယ်အလုပ်လုပ်နေကြနေသူများ ပါဝင်နိုင်သော မူဝါဒရေးရာ ဆုံးဖြတ်ချက်များ လိုအပ်နေကြောင်းပင် ဖြစ်ပါသည်။

## References


Adas, M., 2011. *The Burma delta: Economic development and social change on an Asian rice frontier, 1852-1941.* Univ of Wisconsin Press.

Bello, W., 2018. Paradigm Trap: The development establisment's embrace of Myanmar and how to break loose. *Amsterdam: Transnational Institute.*

Borras Jr, S.M., Franco, J.C. and Suárez, S.M., 2015. Land and food sovereignty. *Third World Quarterly,* 36(3), pp.600-617.

Bruff, I. and Tansel, C.B., 2019. Authoritarian neoliberalism: Trajectories of knowledge production and praxis. *Globalizations,* 16(3), pp.233-244.

Carroll, W.K., 2010. Crisis, movements, counter-hegemony: In search of the new. *Interface,* 2(2), pp.168-198.

Castellanet, C. and Diepart, J.C., 2015, June. The neoliberal agricultural modernization model: A fundamental cause for large-scale land acquisition and counter land reform policies in the Mekong region. In *Conference Paper* (No. 55).

Davis, M., 2002. *Late Victorian holocausts: El Niño famines and the making of the third world.* Verso Books.

Fujita, K. and Okamoto, I., 2006. Agricultural policies and development of Myanmar's agricultural sector: an overview. *Discussion Papers, 63.*

Government of Myanmar 2019, Developments on The New Plant Variety Protection Law Of Myanmar, viewed 2 August 2020 from https://www.upov.int/edocs/mdocs/upov/en/c_53/c_53_14.pdf

Haggblade, S., Boughton, D., Cho, K.M., Denning, G., Kloeppinger-Todd, R., Oo, Z., Sandar, T.M., Than, T.M., Eh Mwee Aye Wai, N., Wilson, S. and Win, N.W., 2014. Strategic choices shaping agricultural performance and food security in Myanmar. *Journal of International Affairs,* pp.55-71.

Jansen, K., 2015. The debate on food sovereignty theory: agrarian capitalism, dispossession and agroecology. *Journal of Peasant Studies,* 42(1), pp.213-232.

JICA(2014). "Making Agriculture a Profitable Business in Myanmar", JICA, accessed 2 June 2020, https://www.jica.go.jp/myanmar/english/office/topics/140515.html

Keneally, T., 2011. *Three famines: starvation and politics.* PublicAffairs.

Metta Development Foundation (2018). *Moving Forward with Smallholder Farmers: Participatory Policymaking Towards Inclusive Growth.* (unpublished paper)

Mukerjee, M., 2010. Winston Churchill's Plan for Post-war India. *Economic and Political Weekly,* pp.27-30.

Mukerjee, M., 2014. Bengal Famine of 1943: An Appraisal of the Famine Inquiry Commission. *Economic and Political Weekly,* pp.71-75.

Perkins, J.H., 1997. *Geopolitics and the green revolution: wheat, genes, and the cold war.* Oxford University Press on Demand.

Myint-U, T., 2020. *The Hidden History of Burma: Race, Capitalism, and the Crisis of Democracy in the 21st Century.* Atlantic Books.

Peck, J., 2013. Explaining (with) neoliberalism. *Territory, politics, governance,* 1(2), pp.132-157.

Raitzer, D., Wong, L.C. and Samson, J.N., 2015. Myanmar's agriculture sector: unlocking the potential for inclusive growth. *Asian Development Bank Economics Working Paper Series,* (470).

Schendel, W.V., 1991. *Three deltas: accumulation and poverty in rural Burma, Bengal and South India.* Sage Publications India Pvt Ltd..

Than, T.M.M., 2007. *State dominance in Myanmar: The political economy of industrialization.* Institute of Southeast Asian Studies.

Thawnghmung, A.M., 2003. The socio-economic impacts of rice policies implementation in rural Burma/Myanmar. *Sojourn: Journal of Social Issues in Southeast Asia,* 18(2), pp.299-321.

Woods, K., 2013, September. The politics of the emerging agro-industrial complex in Asia's 'final frontier': The war on food sovereignty in Burma. In *Food Sovereignty: A Critical Dialogue.*

*International Conference, Yale University* (pp. 14-15).

World Bank (2019). "Myanmar Living Condition Survey", World Bank, accessed 22 February 2020, https://www.worldbank.org/en/country/myanmar/publication/poverty-reportmyanmar-living-conditions-survey-2017

**Websites**


https://www.irishtimes.com/news/the-seeds-of-change-1.989860

http://www.irishseedsavers.ie/

**Others**

Opening Speech by Dr. Aung Thu, Union Minister, Ministry of Agriculture, Livestock and Irrigation on "Awareness Raising Seminar on the Recent Development in the UPOV Member Countries" September 12, 2017, DAR, Nay Pyi Taw, Myanmar

## အမေရိကန်တွင် မျိုးစေ့များ နှစ်ရှစ်ဆယ်အကြာတွင် ပျောက်ကွယ်သွားပုံ




**မျိုးစေ့အမည် (ဘယ်မှညာ)= သကြားမုန်လာဥ၊ ဂေါ်ဖီထုပ်၊ပြောင်းဖူး၊ ဆလပ်၊ သခွားမွှေး၊ ပဲသီး၊ မုန်လာဥ၊ ဖရုံသီး၊ ခရမ်းချဉ်သီး၊သခွားသီး**

**ကမ္ဘာတွင်ရှိခဲ့ဖူးသော သီးနှံအားလုံး၏ ၇၅ ရာခိုင်နှုန်း၏ မျိုးစေ့များမရှိတော့ပါ။ ထိုကွယ်ပျောက်သွားသော မျိုးစေ့များနေရာတွင် မျိုးစေ့အသစ်များပေါ်ပေါက်လာရန် သုတေသနအားရှိသော ကော်ပိုရိတ်များက ရင်းနှီးမြှုပ်နှံကြပါသည်။ မျိုးစေ့များက စီးပွားရေးအရင်းအမြစ်များ ဖြစ်သောကြောင့် ကုမ္ပဏီကြီးများက ချုပ်ကိုင်နိုင်ရန် ကြိုးစားကြပါသည်။**

အမည်ရင်းမှာ နွဲ့ကေခိုင်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးပညာဖြင့် ၂၀၀၄ ၌ B.A (Hons) ဘွဲ့ရရှိခဲ့သော မယ်မွှေးသည် စာနယ်ဇင်းလောကထဲသို့ ၂၀၀၅ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ Living Color Mediaနှင့် အခြားမီဒီယာများတွင် နိုင်ငံတကာရေးရာနှင့် ပြည်တွင်းဖွံ့ဖြိုးရေးမူဝါဒများဆိုင်ရာ ဆောင်းပါးများရေးသားခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဒေါက်တာမြင့်ဇော်နှင့် တွဲဖက်၍ ရပ်ရွာပိုင်အများဆိုင်စနစ်များစာအုပ်၊ ၂၀၂၀ တွင် 'မိ' နှင့်တွဲဖက်၍ "မြစ်ထဲမှာလမ်းခွဲပြီး ရက်နှစ်ဆယ်" ဝတ္ထုတိုစာအုပ်တို့ကို ထုတ်ဝေခဲ့သည်။ ရသစာတမ်းများကို စုစည်း၍ "နှလုံးသားဓာတ်စာ" အမည်ဖြင့် ၂၀၂၀ တွင်ပင် ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ရေးသားတည်းဖြတ်ခဲ့သည်။

ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဘာသာရပ် မဟာဘွဲ့ကို ၂၀၀၇ ခုနှစ်တွင် ရရှိခဲ့ပြီး ဥရောပတွင် ၂၀၁၀-၂၀၁၂ ကာလအတွင်း Erasmus Mundus Masters အစီအစဉ်ဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း၊ မီဒီယာနှင့် ယဉ်ကျေးမှုပညာများ ဆက်လက်သင်ယူခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်၏ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာဌာနမှ ပါရဂူဘွဲ့ကိုရရှိခဲ့သည်။ ယခုလက်ရှိတွင် ချူလာလောင်ကွန်းတက္ကသိုလ် လူမှုဖွံ့ဖြိုးမှုလေ့လာရေးဌာနတွင် သုတေသီအဖြစ် ဆောင်ရွက်လျက်ရှိသည်။